ဝါသူရိယေဝါ ဩွကံဌာနံဂတေရဌှိဟိသဿာမိပာ ကာလကိုပိုင်းခြား ခြင်းသည်။ အဘိသင်္ခါရော၊မည်၏။ ဟိသစ္စံ၊၏။ အသုကသို့၊ ဤမည် သော။ကာလေ၊၌။ရဌှိဟိသဿာမိ၊အံ့။ဣတိ၊သို့။ ပရိစ္ဆိန္နတ္တာ၊ပိုင်းခြားအပ် သည်၏အဖြစ်ကြောင့်။အဿာ၊ထိုဖလသမာပတ်၏။ ယာဝ၊လောက်။ သောကာလော၊ထိုပိုင်းခြားအပ်သောကာလသည်။နာဂစ္ဆတိ၊မရောက် သေး။တာဝ၊လောက်။ဌာနံ၊သည်။ဟောတိ၊၏။ဧဝံ၊သို့။ အဿ၊ထိုဖလ သမာပတ်၏။ ဌာနံ၊သည်။ဟောတိ၊၏။ဣတိ၊ဤသို့မှတ်အပ်၏။ ။ပန၊ ပါး။ အာဂသော၊ငါ့ရှင်။ အနိမိတ္တာယ၊သော။ စေတောဝိမုတ္တိယာ၊မှ။ ဝုဋ္ဌာနာယ၊ထခြင်းငှါ။ဝါ၊၏။ပစ္စယာ၊တို့သည်။ ဒွေခေါ၊နှစ်ပါးတို့သာ တည်း။သဗ္ဗနိမိတ္တာနံ၊ကုန်အောင်စုံသောရုပ်အစရှိသောနိမိတ်တို့ကို။ မနသိကာရော၊ငင်း။ အနိမိတ္တာယ၊သော။ဓာတုယာ၊ကို။ အမနသိကာ ရောစ၊ငင်း။ ဣတိ၊သို့။ဝစနတော၊ကြောင့်။ အဿာ၊ထိုဖလသမာပတ် မှ။ဒွိဟိ၊ကုန်သော။ အာကာရေဟိ၊တို့ဖြင့်။ဝုဋ္ဌာနံ၊သည်။ ဟောတိ၊၏။ တတ္ထ၊ထိုပါဠိတော်၌။သဗ္ဗနိမိတ္တာနန္တိ၊ကား။ ရူပနိမိတ္တဝေဒနာသညာ သင်္ခါရ ဝိညာဏနိမိတ္တာနံ၊ ရုပ်နိမိတ်၊ ဝေဒနာနိမိတ်၊ သညာနိမိတ်၊ သင်္ခါရနိမိတ်၊ဝိညာဉ်နိမိတ်တို့ကို။ စ၊ဆက်။သဗ္ဗာနေဝဧတာနိ၊ရူပနိ မိတ်စသောအလုံးစုံသာလျှင်ဖြစ်သောထိုနိမိတ်တို့ကို။ ဧကတော၊တ ပေါင်းတည်း။ကာမံနမနသိကရောတိ၊အကယ်၍ကားနှလုံး၌မထားနိုင် ၏ရှင့်။ကသ္မာ၊ကား။ အသမ္ဘဝတော၊မဖြစ်သင့်သောကြောင့်တည်း။ပ န၊ထိုသို့သော်လည်း။ သဗ္ဗသင်္ဂါဟိကဝသေန၊အကြွင်းမရှိအလုံးစုံကို သိမ်းကျုံးသည်၏အစွမ်းဖြင့်။ဧတံ၊ဤသဗ္ဗနိမိတ္တာနံဟူသောစကားကို။ ဝုတ္တံ၊၏။ တသ္မာသဗ္ဗေသံသင်္ခါရနိမိတ္တာနံဧကတောမနသိကာရာဘာ ဝတော။အလုံးစုံသောသင်္ခါရနိမိတ်တို့ကို တပေါင်းတည်းနှလုံးသွင်း ခြင်း၏ မဖြစ်သင့်သောကြောင့်။ ။(အကြင်ကြောင့် ဘဝင်စိတ်ဖြစ် လတ်သော် ဖလသမာပတ်မှ ထသည်မည်သည် ဖြစ်သတည်း။ ထို့ ကြောင့်။ ယံဘဝင်္ဂဿစသည်ကိုဆိုပေသတည်း)။ ။ဘဝင်္ဂဿ၊၏။ ယံအာရမ္မဏံ၊ အကြင်ကံ ကမ္မနိမိတ်ဂတိနိမိတ်ဟူသော အာရုံသည်။ ဟောတိ၊၏။ တံအာရမ္မဏံ၊ထိုကံကမ္မနိမိတ်ဂတိနိမိတ်ဟူသောဘဝင် ၏အာရုံကို။ မနသိကရောတော၊ဘဝင်နှင့်တကွသော မနသိကာရဖြင့် နှလုံး၌ထားသော အရိယာသာဝကအား။ တနည်း။ မနသိ၊ ဘဝင်ဟူ

သောစိတ်၌။ ကရောတော၊ထားသောအရိယာသာဝကအား။ ဖလသ
မာပတ္တိဝုဋ္ဌာနံ၊ ဖလသမာပတ်မှထခြင်းသည်။ ဟောတိ၊၏။ ဇ္ဈာတိဝေံ၊
သို့။အသသာ၊ထိုဖလသမာပတ်မှ။ဝုဋ္ဌာနံ၊ကို။ဝေဒိတဗ္ဗံ၊၏။ ကိံ ဖလဿ
အနန္တရံကဿစဖလံအနန္တရဿ၊ကား။ တာဝ၊စွာ။ ဖလဿ၊ရှေးရှေး
သောဖိုလ်၏။အနန္တရံ၌။ ဖလမေဝဝါ၊နောက်နောက်သောဖိုလ်သည်
သာလျှင်မူလည်း။ ဟောတိ၊၏။ ဖလဿ၊အလုံးစုံတို့၏ နောက်ဆုံးဖြစ်
သောဖိုလ်၏။အနန္တရံ။လိုက်။ဘဝင်္ဂ ဝါ၊ဘဝင်သည်မူလည်း။ဟောတိ၊
၏။ ပန၊ထိုမှတပါး။ ဖလံ၊သည်။ မဂ္ဂါနန္တရံ၊ မဂ်၏အခြားမဲ့၌ဖြစ်သော
ဖိုလ်မူလည်း။ အတ္ထိ၊ရှိ၏။ ဖလာနန္တရံ၊မဂ္ဂဝီထိ၌ဧဝ။ ဖလသမာပတ္တိ၌
ဧဝ ရှေးရှေးဖိုလ်၏ အခြားမဲ့၌ ဖြစ်သော နောက်နောက် ဖိုလ်သည်
လည်း။အတ္ထိ၊၏၊ ဂေါတြဘုအနန္တရံ၊ဖလသမာပတ္တိဝီထိ၌အနုလုံမည်
သောဂေါတြဘု၏အခြားမဲ့၌ဖြစ်သောဖိုလ်သည်လည်း။ အတ္ထိ၊၏။နေဝ
သညာနာသညာယတနာနန္တရံ၊နေဝသညာနာသညာယတနကုသိုလ်
ကြိယာ၏အခြားမဲ့၌ဖြစ်သောဖိုလ်သည်လည်း။အတ္ထိ၊၏။ဘတ္တ၊ထိုဖိုလ်
တို့တွင်။မဂ္ဂဝီထိယံ၊၌။မဂ္ဂါနန္တရံ၊မဂ်၏အခြားမဲ့၌ဖြစ်သော လက်ဦးဖိုလ်
သည်။ဟောတိ၊၏။ပုရိမဿပုရိမဿ၊ရှေးရှေးဖြစ်သောဖိုလ်၏။ ပစ္ဆိမံ
ပစ္ဆိမံ၊နောက်နောက်သောဖိုလ်သည်။ ဖလာနန္တရံ၊ဖိုလ်၏အခြားမဲ့၌။
ဟောတိ၊၏။ ဖလသမာပတ္တိသု၊ဖလသမာပတ္တိဝီထိတို့၌။ ပုရိမံပုရိမံ၊
ရှေးရှေးဖြစ်သောဖိုလ်သည်။ ဂေါတြဘုအနန္တရံ၊အနုလုံ၏အခြားမဲ့၌။
ဟောတိ၊၏။စ၊ဆက်။ ဧတ္ထ၊ဤဖလသမာပတ္တိဝီထိ၌။ အနုလောမံ၊အနု
လုံကို။ဂေါတြဘုတိ၊ဟူ၍။ ဝေဒိတဗ္ဗာ၊၏။ ပဋ္ဌာနေ၊ပဋ္ဌာန်းကျမ်းကြီး၌။
အရဟတော၊ အနုလောမံ။ပ။ ပစ္စယောတိ၊ဟူသော။ ဝေါဝစနံ၊ ကို။
ဝုတ္တံ၊၏။ အရဟတော၊ရဟန္တာပုဂ္ဂိုလ်၏။ အနုလောမံ၊သည်။ဖလသ
မာပတ္တိယာ၊ ဖလသမာပတ်အား။ အနန္တရပစ္စယေန၊ဖြင့်။ ပစ္စယော၊
သည်။ ဟောတိ၊၏။ သေက္ခာနံ၊တို့၏။ အနုလောမံ၊သည်။ ဖလသမာ
ပတ္တိယာ၊အား။အနန္တရပစ္စယေန၊ဖြင့်။ပစ္စယော၊သည်။ဟောတိ၊၏။ ။
(ယေနဖလေနနိရောဓာ ဝုဋ္ဌာနံဟောတိတိ ဇ္ဈာနံဖလုပ္ပတ္တိယာနိရောဓာ
ဝုဋ္ဌာနဘာဝ‌ေတာဝုတ္တံ)။ ။ယေနဖလေန၊ဖြင့်။နိရောဓာ၊နိရောဓသမာ
ပတ်မှ။ဝုဋ္ဌါနံ၊သည်။ဟောတိ၊၏။တံ၊ထိုနိရောဓမှဝုဋ္ဌါနအဖြစ်ဖြင့်ဆိုအပ်
သောအနာဂါမိဖိုလ်အရဟတ္တဖိုလ်သည်လည်း။ နေဝသညာနာသညာ

ယတနာနန္တရံ၊ နေဝသညာနာသညာ ယတနကုသိုလ် ကြိယာဇောဝ၏ အခြားမဲ့၌။ဟောတိ၊၏။ သတ္တာဟာတိက္ကမေ၊ခုနှစ်ရက်လွန်သည်။ သတိပိ၊သော်လည်း။ ဝိဇာတိယေန၊ ဇာတ်မတူသောရုပ်တရားဖြင့်။ အနန္တရ တတ္တာ၊ အခြားအဆီး ရှိသည် မဟုတ်သည်၏ အဖြစ်ကြောင့်တည်း။ဟိတ်။ဋ္ဌတိ၊မှတ်အပ်၏။ ။တတ္ထ၊ထိုဖိုလ်တို့တွင်။မဂ္ဂဝီထိယံ၊ ၌။ဥပ္ပန္နဖလံ၊ဖြစ်သောဖိုလ်ကို။ ဌပေတွာ၊၍။ အဝသေသံ၊ကြွင်းသော။ သဗ္ဗံ၊အလုံးစုံသောဖိုလ်သည်။ဖလသမာပတ္တိဝသေန၊ဖြင့်။ပဝတ္တနာမ၊ ဖြစ်သောဖိုလ်မည်၏။ ဧဝံဝုတ္တနယေန၊ဖြင့်။ မဂ္ဂဝီထိယံဝါ၊၌၎င်း။ ဖလသမာပတ္တိယံဝါ၊ ၌၎င်း။ ဥပ္ပဇ္ဇနဝသေန၊ ဖြစ်သည်၏အစွမ်းဖြင့်။ ။ ပဋိပ္ပဿဒ္ဓဒရထံ၊အခြင်းခပ်သိမ်း ငြိမ်းဧးပြီးသောကိလေသာဟူသော ပူပန်ခြင်းရှိသော။ဝါ၊ကိလေသာဟူသောပူပန်ခြင်းအချင်းခပ်သိမ်းငြိမ်းဧးပြီးသော။ အမတာရမ္မဏံ၊အမြိုက်နိဗ္ဗာန်လျှင်အာရုံရှိသော။ သုဘံ၊မတင့်တယ်စရာ ကိလေသာဟူသောအညစ်အကြေးမရှိသည်၏အဖြစ်ကြောင့်တင့်တယ်စွာသော။ ဝန္တလောကာမိသံ၊တဏှာဟူသောလောကာမိသကို ထွေးအန်ပြီးထသော။ ဝါ၊ အန်အင်ပြီးသော တဏှာဟူသော လောကာမိသရှိထသော။ ။(တဏှာသင်္ခါတိလောကာမိသံ ဝန္တံဆင္ဍိတံဧတေနာတိဝန္တလောကာမိသံပြု)။ ။သန္တံ၊ကိလေသာဟူသောအပူငြိမ်းဧးပြီးထသော။ ဥတ္တမံ၊မြတ်စွာထသော။ဝါ၊မဟောကိုနှုတ်ပစ်တတ်ထသော။ ဧတံသာမညဖလံ၊ ဤအရိယမဂ်အကျိုးဖြစ်သောဖိုလ်သည်။ ။(အဘိသင်္ခိတံ၌စပ်။ ။ယေနဓမ္မေနယောဂတောသမဏောနာမဟောတိ။ တဿအရိယမဂ္ဂ သင်္ခါတဿသာမညဿ ဖလတ္တာသာမညဖလံ။ပြု)။ ။အမတေန၊အမြိုက်ဆေးရလိုကာဖြင့်။ သံမောဒိတံ၊ရောနှောအပ်သော။ထည့်။မဓုံ ဝိယ၊ပျားကဲ့သို့။သြဇဝန္တေန၊ သြဇာနှင့်ပြည့်စုံသော။ဝါ၊မှန်သောသဘောနှင့်ပြည့်စုံသော။သုဝိနေသ မစင်ကြယ်စရာကိလေသာမရှိသည်၏အဖြစ်ကြောင့် စင်ကြယ်စွာထသော။ သာတာတိသာတေန၊ မဟဂ္ဂတသာတလောကုတ္တရ ကုသလသာတထက်လည်းအလွန်လျှင်သာယာအပ်ချိုမြိန်မြတ်သောအရသာရှိသော။ ။(မဂ္ဂသုခတောပိတိဖလသုခံသန္တတရတာယ ပဏီတတရံ)။ ။ယေနသုခေန၊အကြင်အနုတ္တရသုခဖြင့်။ အဘိသင်္ခိတံ၊အချင်းခပ်သိမ်းခြောက်သွေ့သည်၏အဖြစ်မှကင်းသဖြင့်စွတ်စို၏။ ဝါ စွတ်စို

စေအပ်၏။ ။အရိယဿ၊အရိယာသခင်တို့၏သာဥစ္စာဖြစ်သော။ဝါ၊ အရိယာသခင်တို့သည်သာ သုံးဆောင် ခံစားထိုက်သော။ တဿဖလဿ၊ထိုသာမညဖိုလ်၏။ ရသဘူတံ၊အရသာဖြစ်၍ဖြစ်သော။ ဝါ၊အနှစ်အဆိမ့်ဖြစ်၍ဖြစ်သော။ အနုတ္တရံ၊ မိမိထက်အလွန်အကဲမရှိ ရသာဆုံးဖြစ်သော။ တံ သုခံ၊ထိုသို့သောချမ်းသာကို။ ယသ္မာ၊ကြောင့်။ ပဏ္ဍိတော၊ ပညာရှိသောယောဂီပုဂ္ဂိုလ်သည်။ ပညံ၊ဝိပဿနာပညာကို။ ဘာဝေတွာ၊ပွါးစေ၍။ ဝိန္ဒတိ၊ ရ၏။ တသ္မာ၊ ထိုသို့အနုတ္တရသုခကိုရသည်၏အဖြစ်ကြောင့်။ အရိယဖလဿ၊ အရိယဖိုလ်၏။ ဓိတံရသာနုဘဝနံ၊ဤအတုမရှိအကောင်းဆုံးဖြစ်သောအရသာအဆိမ့်ကို ခံစားရခြင်းသည်။ဣဓ၊ဤအရာ၌။ဝါ၊ဤသာသနာတော်၌။ ဝိပဿနာဘာဝနာယ၊ဝိပဿနာကိုပွါးစေခြင်း၏။ အာနိသံသောတိ၊အာနိသင်ဟူ၍။ဝုစ္စတိ၊၏။ ။နိရောဓသမာပတ္တိသမာပဇ္ဇနသမတ္ထတာတိ၊ကား။ ကေဝလဉ္စ၊သက်သက်ကား။ အရိယဖလရသာနုဘဝနံယေဝ၊အရိယာဖိုလ်၏အရသာကိုခံစားရခြင်းသည်သာလျှင်။အာနိသံသော၊သည်၊ထည့်။ နမဟုတ်သေး။ ပန၊အဟုတ်သော်ကား။ အယံနိရောဓသမာပတ္တိယာသမာပဇ္ဇနသမတ္ထတာပိ၊ ဤနိရောဓသမာပတ်ကိုဝင်စားခြင်း၌ စွမ်းနိုင်သည်၏အဖြစ်သည်လည်း။ဣမိဿာပညာဘာဝနာယ၊၏။အာနိသံသော၊မည်၏။ ဣတိ၊သို့။ဝေဒိတဗ္ဗော၊၏။ တတြတသ္မိံသံဝိဏ္ဏနေ၊ ထိုနိရောဓသမာပတ္တိ သမာပဇ္ဇနသမတ္ထတာဟူသော အကျဉ်းစကား၌။နိရောဓသမာပတ္တိယာ၊ကို။ဝိဘာဝနတ္ထံ၊ထင်ရှားပြခြင်း၌။ဣဒံပညာကမ္မံ၊ ဤသရုပ်စသည်တို့၏အစွမ်းဖြင့်ပြဿနာမေးခြင်းအမှုကို။ ဝေဒိတဗ္ဗံ၊၏။ထည့်။ နိရောဓသမာပတ္တိ၊သည်။ကာ၊အဘယ်နည်း။ ကေ၊အဘယ်ပုဂ္ဂိုလ်တို့သည်။ တံ၊ထိုနိရောဓသမာပတ်ကို။ သမာပဇ္ဇန္တိ၊ဝင်စားကုန်သနည်း။ ကေ၊တို့သည်။ နသမာပဇ္ဇန္တိ၊နည်း။ ကတ္ထ၊အဘယ်ဘုံ၌။သမာပဇ္ဇန္တိ၊နည်း။ကသ္မာ၊ကြောင့်။ ဝါ၊အဘယ်အကျိုး၌။သမာပဇ္ဇန္တိ၊နည်း။ ကထဉ္စ၊အဘယ်သို့လျှင်။ အဿာ၊ထိုနိရောဓသမာပတ်ကို။ သမာပဇ္ဇနံ၊ သည်။ ဟောတိ၊ နည်း။ ကထံ၊ အဘယ်မျှသောအကြောင်းဖြင့်။ဌာနံ၊တည်ခြင်းသည်။ဟောတိ၊နည်း။ ကထံ၊ဖြင့်။ဝုဋ္ဌာနံ၊သည်။ ဟောတိ၊နည်း။ ဝုဋ္ဌိတဿ၊ထပြီးသောပုဂ္ဂိုလ်၏။ စိတ္တံ၊သည်။ ကိံနိန္နံ၊အဘယ်သို့ညွတ်သည်။ ဟောတိ၊နည်း။ မတဿစ၊သေသော

သူ၏ရင်း။ သမာပန္နဿစ၊နိရောဓသမာပတ်ကိုဝင်စားသောသူ၏ရင်း။ ဝိသေသော၊အထူးသည်။ကော၊နည်း။ နိရောဓသမာပတ္တိ၊သည်။သင်္ခတာကိံ၊သင်္ခတလော။ အသင်္ခတာကိံ၊အသင်္ခတလော။ လောကိယာကိံ၊လောကီလော။ လောကုတ္တရာကိံ၊လောကုတ္တရာလော။နိပ္ဖန္နာကိံ၊နိပ္ဖန္နလော။ အနိပ္ဖန္နာကိံ၊အနိပ္ဖန္နလော။ ဇာတိဇာဒိပဉ္စကမ္ဗံ၊ကို။ ဝေဒိတဗ္ဗံ၊၏။ တတ္ထသို့ပဉ္စကမ္ဗေ၊၌။ ကာနိရောဓသမာပတ္တီတိ၊ကား။အနုပုဗ္ဗနိရောဓဝသေန၊ ဝိပဿနာသို့ အစဉ်လျှောက်သော ရှစ်ပါးသော သမာပတ်သို့တက်သဖြင့် ထိုထိုသို့သော ပဋိပက္ခ၏ ချုပ်ခြင်းကို အကြောင်းပြုသဖြင့် သုံးပါးကုန်သောသင်္ခါရတို့၏ အစဉ်အတိုင်း ချုပ်ခြင်း၏အစွမ်းအားဖြင့်။ စိတ္တစေတသိကာနံ၊ကုန်သော။ ဓမ္မာနံ တရားတို့၏။ ယာအပ္ပဝတ္တိ၊အကြင်ပိုင်းခြားတိုင်းသောကာလပတ်လုံး မဖြစ်ခြင်းသည်။အတ္ထိ၊၏။ အယံအပ္ပဝတ္တိ၊ ဤစေတသိက်တို့၏ပိုင်းခြားတိုင်းသော ကာလပတ်လုံး မဖြစ်ခြင်းသည်။ နိရောဓ သမာပတ္တိ၊ မည်၏။ ထည့်။ ။(ဝင်စားခြင်းငှါစွမ်းနိုင်သောပုဂ္ဂိုလ်တို့ကိုပြဖွာန်းသည်၏အဖြစ်ကြောင့်။အကယ်၍ကားလက်ဦးစွာမေးအပ်ကုန်၏ရှင့်။ယင်းသို့သော်လည်းလေးသည်၏အဖြစ်ကြောင့်ထိုအမေး၏အဖြေကို နောက်၌ဆိုခြင်းငှါမဝင်စားနိုင်သောပုဂ္ဂိုလ်တို့ကိုလက်ဦးပြလိုရကား။သဗ္ဗေပိ၊ စသည်ကိုမိန့်သော်။ ။ဝါမံမုဥ္ဇဒကဂ္ဂိဏ္ဍိဂဏ္ဌိပဟူ၏သို့မှတ်)။ ။ကေတံသမာပဇ္ဇန္တိ ကေနသမာပဇ္ဇန္တီတိ၊ ကား။ သဗ္ဗေပိ၊ ကုန်သော။ ပုထုဇ္ဇနာ၊ပုထုဇဉ်တို့သည်ရင်း။သောတာပန္နာ၊တို့သည်ရင်း။သကဒါဂါမိနော၊တို့သည်ရင်း။ နသမာပဇ္ဇန္တိ၊ မဝင်စားနိုင်ကုန်။ ။(သဗ္ဗေပိဟူသော ဤပုဒ်သည်။ ပုထုဇဉ်စသော သုံးဦးသောပုဂ္ဂိုလ်တို့တည်း။ ထိုသုံးဦးတို့တွင်။ ရှစ်ပါးသောသမာပတ်ရသောသူတို့သည်လည်း ရှိကုန်သည်မဟုတ်လောဟု၊ကား။တေဟိအဋ္ဌန္နံသမာပတ္တီနံလာဘိနောပိအလာဘိနောဝိယ သမာဓိသို့အပရိပူရကာရိတာယနိရောဓံ သမာပဇ္ဇိတုံနသက္ကောန္တိ၊ မိန့်သော်။ ငိုကာ။ ။ယင်းသို့သမာပတ္တိလာဘိဖြစ်လျက်အဘယ့်ကြောင့် သမာဓိသို့အပရိပူရကာရီ ဟူသနည်းဟု။ ကား။ ကာမစ္ဆန္ဒာဒိသမုစ္ဆိန္ဒနေနဟိသမာဓိသို့ပရိပူရကာရိတာ။နစျာနာဓိဂမမတ္တေန၊ ရင်း)။ ။သုက္ခဝိပဿကာ၊သုက္ခဝိပဿကဖြစ်ကုန်သော။ အနာဂါမိနောစ၊တို့သည်ရင်း။ အရဟန္တောစ တို့သည်ရင်း။န

သမာပဇ္ဇန္တိ၊မဝင်စားနိုင်ကုန်။ ။(အနာဂံရဟန္တာ၁နှစ်ဦးတို့သည် ဝိပဿနာဗလ ပြည့်စုံသည်၏အဖြစ်ကြောင့် ဝင်စားနိုင်ကောင်းသည်မဟုတ်လောဟု၊ကား။ ဥဘယေပိစေတေသတိပိဝိပဿနာဗလေသမာဓိဗလဿ အဘာ၁ဝတောနိရောဓံ နသမာပဇ္ဇန္တိ။ အနုပုဗ္ဗဝိဟာရံဘာဝတညေဝေတ္ထသမာဓိဗလံဣန္တိတဗ္ဗံ။ ဋီကာ။ ။အဋ္ဌသမာပတ္တိလာဘီဖြစ်သောရှေးပုဂ္ဂိုလ်သုံးဦးတို့သည်။ သမာဓိဗလပြည့်စုံသောကြောင့်, ဝင်စားနိုင်ကောင်းသည် မဟုတ်လောဟုကား။ ပုရိမကာ၁ပနတယော သတိပိသမာဓိဗလေဝိပဿနာဗလဿအဘာ၁ဝတောအပရိပုဏ္ဏတ္တာ စသမာပဇ္ဇိတုံနသက္ကောန္တိ။အပရိပုဏ္ဏတာစဿသင်္ခါရာနံနသမာပရိမဒ္ဒိတတ္တာ။ရင်း)။ ။ပန၊အလျှော်ကိုဆိုအံ့။အဋ္ဌသမာပတ္တိလာဘိနော၊ရှစ်ပါးသောသမာပတ်ကိုရကုန်သော။အနာဂါမိနော၁စ၊တို့သည်ရင်း။ ခီဏာသဝါစ၊တို့သည်ရင်း။သမာပဇ္ဇန္တိ၊ဝင်စားနိုင်ကုန်၏။ ။(အဋ္ဌသမာပတ္တိ။ ပ။ သမာပဇ္ဇန္တိဟူမြီး၍ ဝင်စားနိုင်ခြင်း၌ အကြောင်းကိုပါဠိ၏ အစွမ်းဖြင့်သာလျှင် ပြခြင်းငှါ။ ဒွိဟိဗလေဟိတိ အာဒိကို မိန့်သော်)။ ။ဟိသစ္စံ၊၏။ ဒွိဟိဗလေဟိ။ပ။ဉာဏာနိ၊ဟူ၍။ဝုတ္တံ၊၏။ ဒွိဟိဗလေဟိ၊ နှစ်ပါးသောအစွမ်းတို့နှင့်။ သမန္နာဂတတ္တာ၁စ၊ ပြည့်စုံသည်၏ အဖြစ်ကြောင့်ရင်း။ တယောတိဿံ၊ကုန်သော။ သာမျှတ္တန္ဒိပဋ္ဋိတ္တာဝစနတည်း။ သင်္ခါရာနံ၊ ဝစီသင်္ခါရကာယသင်္ခါရစိတ္တသင်္ခါရတို့၏။ ပဋိပဿဒ္ဓိယာ၊ငြိမ်းခြင်းကြောင့်ရင်း။ သောဠသဟိ၊ကုန်သော။ဉာဏစရိယာဟိ၊ဉာဏ်၏ဖြစ်ခြင်းတို့ကြောင့်ရင်း။နဝဟိ၊ကုန်သော၊ သမာဓိစရိယာဟိ၊ သမာဓိ၏ဖြစ်ခြင်းတို့ကြောင့်ရင်း။ ဝသီဘာ၁ဝတာပညာ၊လေ့လာခြင်းရှိသည်၏အဖြစ်ဟူသောပညာသည်။ ဝါ၊စွမ်းနိုင်သောသတ္တိရှိသည်၏ အဖြစ်ဟူသောပညာသည်။ နိရောဓသမာပတ္တိယာ၊ နိရောဓသမာပတ်ကိုဝင်စားခြင်း၏။ဉာဏံ၊ဉာဏ်မည်၏။စ၊ဆက်။အယဥ္စသမ္ဗန္ဓော၊ ဗလဒွယသမန္နာဂတအစရှိသောယထာဝုတ္တနိရောဓသမာပတ္တိကိုဆောင်တတ်သောအကြောင်း၏ပြည့်စုံခြင်းသည်။အဋ္ဌသမာပတ္တိလာဘိနော၊ကုန်သော။ အနာဂါမိခီဏာသဝေ၊တို့ကို။ ဌပေတွာ၊ ထား၍။ အညေသံ၊ အဋ္ဌသမာပတ္တိလာဘီအနာဂံရဟန္တာ၁ပုဂ္ဂိုလ်မှ တပါးကုန်သောပုဂ္ဂိုလ်အား။ နတ္ထိ၊ရှိ။တသ္မာ၊ကြောင့်။ တေယေဝ၊ထိုအဋ္ဌသမာပတ္တိလာဘီအနာဂါမိ ခီဏာသဝတို့သည်သာလျှင်။ သမာပဇ္ဇန္တိ၊ကုန်

၏။ အညော၊ ထိုမှတပါးသောပုဂ္ဂိုလ်တို့သည်။ နသမာပဇ္ဇန္တိ၊ ကုန်။ ပန၊ ပါး။ ထေ္တာ၊ ဤပါဠိတော်၌။ နွေဗလာနိ၊ နှစ်ပါးသောအစွမ်းတို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။ ပ။ ဝသီဘာဝတာ၊ လေ့လာခြင်းရှိသည်၏ အဖြစ်သည်။ ကတမာ၊ နည်း။ ဇာတိအယံ၊ ကား။ ပုစ္ဆာ၊ အမေးတည်း။ ထေ္တာ၊ ဤပုစ္ဆာ၌။ အမြဲဟိ၊ တို့သည်။ ဝတ္တဗ္ဗံ၊ ဆိုအပ်သော။ ကိဉ္စိ၊ စိုးစဉ်း သောစကားသည်။ နအတ္ထိ၊ မရှိ။ ဇာနိသဗ္ဗံ၊ ဤအလုံးစုံသောဒွိဗလစသည် သည်။ တေသဥဒ္ဒေသဿ၊ ဤဒွိဟိဗလေဟိသမန္နာဂတဿဇစရှိသော ဥဒ္ဒေသ၌။ နိဒ္ဒေသေ၊ နိဒ္ဒေသ၌။ ဝုတ္တမေဝ၊ ဟောတော်မူအပ်ပြီးသလျှင် ကတည်း။ ယထာဟ၊ အသို့ဟောတော်မူသနည်း။ ဒွိဟိဗလေဟိတိ၊ ကား။ ဗလာနိ၊ အစွမ်းတို့သည်။ သမထဗလံ၊ ကာမစ္ဆန္ဒစသောပစ္စနီက ဓမ္မတို့ကိုငြိမ်းစေတတ် သမထသာလျှင်ဖြစ်သော ဆန့်ကျင်ဘက်ဖြစ် သောတရားတို့ကြောင့်မတုန်မလှုပ်ခိုင်ခံ့သောအစွမ်းဗုင်း။ ဝိပဿနာဗ လံ၊ အနိစ္စစသည်တို့၏အစွမ်းဖြင့်အထူးထူးသောအခြင်းအရာတို့ဖြင့်ရှု တတ်သော ပညာသာလျှင်ဖြစ်သော ဆန့်ကျင်ဘက်တရားတို့ကြောင့် မတုန်မလှုပ် ခိုင်ခံ့သောအစွမ်းဗုင်း။ ဇာတိ၊ သို့။ ဒွေ၊ နှစ်ပါးတို့တည်း။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ထည့်။ သမထဗလံ၊ သမထဗလသည်။ ကတမံ၊ နည်း။ နေက္ခမ္မဝသေန၊ ကာမစ္ဆန္ဒကိုခွါတတ်သောနေက္ခမသက်ပ္ပ၏။ ဝါ၊ အလောဘပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်၏အစွမ်းဖြင့်။ စိတ္တဿ၊ ၏။ ဧကဂ္ဂတာ၊ တခုသောအာရုံရှိသည်၏အဖြစ်ဟုဆိုအပ်သော။ ယော အဝိက္ခေပေါ၊ အကြြင်မပြန့်လွင့်ခြင်းသည်။ ဝါ၊ ဝိက္ခေပ၏ဆန့်ကျင်ဘက် ဖြစ်သောသမာဓိသည်။ အတ္ထိ၊ ၏။ တံ၊ ထိုသမာဓိသည်။ သမထဗလံ၊ မည် ၏။ အဗျာပါဒဝသေန၊ ဗျာပါဒကိုခွါတတ်သော အဗျာပါဒဝိတက်၏။ ဝါ၊ အဒေါသပြဓာန်းသောကုသိုလ်စိတ္တုပ္ပါဒ်၏အစွမ်းဖြင့်။ အာလောက သညာဝသေန၊ ထိနမိဒ္ဓကိုခွါတတ်သော်ထင်ရှားသည်ကိုပြု၍နှလုံးသွင်း ခြင်းဖြင့်ကပ်၍ထင်သောအာလောကသညာ၏ အစွမ်းဖြင့်။ အဝိက္ခေပ ဝသေန၊ ဥဒ္ဓစ္စကိုခွါတတ်သောဝိက္ခေပ၏ဆန့်ကျင်ဘက်ဖြစ်သော အ ညီအညွတ်ကောင်းစွာတည်သောသမာဓိ၏အစွမ်းဖြင့်။ ပ။ ပဋိနိဿဂ္ဂါ နုပဿီအဿာသဝသေန၊ အလုံးစုံသောမိစ္ဆာဝိတက်ကိုခွါတတ်သော အထွတ်အဖျားသို့ ရောက်သော ပဋိနိဿဂ္ဂကိုရှုလျက် ထွက်သက်ကို ဖြစ်စေသည်၏ အစွမ်းဖြင့်။ ပဋိနိဿဂ္ဂါနုပဿီပဿာသဝသေန၊ ပဋိ

နိဿဂ္ဂကိုရှုလျက်ဝင်သက်ကိုဖြစ်စေသည်၏ အစွမ်းဖြင့်။ စိတ္တဿ၊ ဇ၏။ ဧကဂ္ဂတာ၊ သော။ ယောအဝိက္ခေပေါ၊ သည်။ အတ္ထိ၊ ၏။ တံ၊ သည်။ သမထဗလံ၊ မည်၏။ ဣတိ၊ ဤသို့။ အာဟ၊ မူ၏။ ။(ဧဝံဥပစာရဿဈာနဿဝသေနသမထဗလံဒဿေတွာဣဒါနိတံ အဋ္ဌန္နံသမာပတ္တီနံဝသေန ပဋိပက္ခေဟိအနဘိဘဝနိယတာယစ ဗလပ္ပတ္တိဝသေနဒဿေတုံပဌမဈာနေနာတိအာဒိဝုတ္တံ)။ ။ကေနဋ္ဌေန၊ အဘယ်အနက်ကြောင့်။ သမထဗလံ၊ သမထဗလမည်သနည်း။ ပဌမဈာနေန၊ ပဌမဈာန်ဖြင့်။ နီဝရဏေ၊ နီဝရဏဟူသောအကြောင်းကြောင့်။ ဈာနသမင်္ဂိပုဂ္ဂလော၊ သည်။ ဝါ၊ ဈာနသမ္ပယုတ္တသမာဓိသည်။ ထည့်။ နကမ္ပတိ၊ မတုန်လှုပ်တတ်။ ဣတိတသ္မာ၊ ကြောင့်။ သမထဗလံ၊ မည်၏။ ။(ဈာနသမ္ပယုတ္တသမာဓိဟူသောကတ္တားကို အဘယ့်ကြောင့် သိအပ်သနည်း။ သောဟိဝိသေသတော ဈာနသမထဗလန္တိ အဓိပ္ပေတော။ တထာဟိ ကေနဋ္ဌေန သမထဗလန္တိ ဗလဒွေပုစ္ဆိတော။ ဋီကာ)။ ။ဒုတိယဈာနေန၊ ဖြင့်။ ဝိတက္ကဝိစာရေ၊ ဝိတက်ဝိစာရဟူသောအကြောင်းကြောင့်။ ပ။ နေဝသညာနာသညာယတနသမာပတ္တိယာ၊ ဖြင့်။ အာကိဉ္စညာယတနသညာယ၊ ကြောင့်။ ဈာနသမင်္ဂိပုဂ္ဂလော၊ သည်။ ဝါ၊ ဈာနသမ္ပယုတ္တသမာဓိ၊ သည်။ ထည့်။ နကမ္ပတိ၊ တတ်။ ဣတိတသ္မာ၊ ကြောင့်။ သမထဗလံ၊ မည်၏။ ဥဒ္ဓစ္စေ၊ ဥဒ္ဓစ္စကြောင့်၎င်း။ ဥဒ္ဓစ္စသဟဂတကိလေသေစ၊ ဥဒ္ဓစ္စနှင့်သမ္ပယုတ်ဖြစ်သောမောဟအဟိရိကစသောကိလေသာဟူသောအကြောင်းကြောင့်၎င်း။ ခန္ဓေစ၊ ဥဒ္ဓစ္စနှင့်သမ္ပယုတ်စတုက္ခန္ဓကြောင့်၎င်း။ ။(နကမ္ပတီတိအာဒီနိအညာမညဝေဝစနာနိ)။ ။နကမ္ပတိ၊ တည်ရာမှရွေ့သောအားဖြင့် မတုန်မလှုပ်တတ်။ နစလတိ၊ ပတ်ပတ်လည်၍မတုန်လှုပ်တတ်။ နဝေဓတိ၊ ပြင်းစွာမတုန်လှုပ်တတ်။ ဣတိတသ္မာ၊ ကြောင့်။ သမထဗလံ၊ မည်၏။ ။(တနည်းဥဒ္ဓစ္စေနကမ္ပတိ။ ဥဒ္ဓစ္စသဟဂတကိလေသေနစလတိ။ ဥဒ္ဓစ္စသဟဂတခန္ဓေနဝေဓတိဟုယူ၍။ ။ဥဒ္ဓစ္စဂဟဏံစေတ္ထသမထဿ ဥဇုပဋိပက္ခတာယ တဒဘိဘဝေနဗလပ္ပတ္တိဒဿနတ္ထံ။ တေနေတံအဋ္ဌန္နံပိသမာပတ္တီနံသာဓာရဏတောကိစ္စာတိသယဒဿနံဒဋ္ဌဗ္ဗံ။ ဋီကာ။ ။တဒဘိဘဝေန၊ ထိုဥဒ္ဓစ္စကိုလွှမ်းမိုးသဖြင့်ပေး။ ဧတံ၊ ဤဥဒ္ဓစ္စေနကမ္ပတိအစရှိသောစကားကိုစွဲ)။ ။ဣဒံ၊ ဤနေက္ခမ္မစသည်တို့၏အစွမ်းဖြင့်ရအပ်သောစိတ္တေကဂ္ဂတာ၏ နီဝရဏ အစရှိသည်တို့ကြောင့် မတုန်

လှုပ်သည့်၏အဖြစ်ထိုနီဝရဏစသည်တို့ကိုလွှမ်းမိုး၍ မြဲစွာတည်ခြင်းသည်။ သမထဗလံ၊ မည်၏။ ။(ယခုအခါ၌ဝိပဿနာဗလကိုပြထိုသော အဋ္ဌကထာဆရာသည် အကြင်ကြောင့် ဝိပဿနာကိုအကျဉ်းအားဖြင့်ခုနစ်ပါးသော်အနုပဿနာတို့ဖြင့်ပေါင်း၍ယူအပ်၏။ထိုကြောင့် ထိုထိုသမာပတ်မှထ၍ ထိုခုနစ်ပါးသောအနုပဿနာတို့၏အစွမ်းဖြင့် 'အနုပဿနာကိုပြုအပ်၏။ထိုမျှတည်းသောခုနစ်ပါးသောအနုပဿနာဖြင့်ပင်လျှင်ဤအရာ၌အနုပဿနာကိုစွပြည့်စုံသည်ဖြစ်သတည်း။ထို့ကြောင့်။ အနိစ္စာနုပဿနာဗလံ။ပ။ ပဋိနိဿဂ္ဂါနုပဿနာဗလံဟုသရုပ်အားဖြင့်ပြပြီး၍တဘန်ထိုခုနစ်ပါးသောအနုပဿနာတို့ကို အောက်၌ဆိုပြီးသောနည်းဖြင့်ဝိသယကိုဝေဘန်သောအားဖြင့်ပြခြင်းငှါရူပေအနိစ္စာနုပဿနာစသည်ကိုမိန့်သတည်း)။ ။ဝိပဿနာဗလံ၊သည်။ကတမံ၊နည်း။အနိစ္စာနုပဿနာ၊သည်။ဝိပဿနာဗလံ၊မည်၏။ဒုက္ခာနုပဿနာ၊သည်။ပ။ပဋိနိဿဂ္ဂါနုပဿနာ၊သည်။ ဝိပဿနာဗလံ၊မည်၏။ရူပေ၊ရုပ်၌။ အနိစ္စာနုပဿနာ၊သည်။ပ။ရူပေ၊၌။ ပဋိနိဿဂ္ဂါနုပဿနာ၊သည်။ဝိပဿနာဗသံ၊မည်၏။ဝေဒနာယ၊ဝေဒနာ၌။သညာယ၊၌။ သင်္ခါရေသု၊တို့၌။ဝိညာဏေ၊၌။ပ။ စက္ခုသ္မိံ၊၌။ဇရာမရဏေ၊၌။ အနိစ္စာနုပဿနာ၊သည်၊ ဇရာမရဏေ၊၌။ ပဋိနိဿဂ္ဂါနုပဿနာ၊သည်။ ဝိပဿနာဗလံ၊မည်၏။ဣတိ၊သို့။အာဟ၊၏။ ။(ဤ၌လည်းပဋိပက္ခတို့သည်မနှိုင်စက်မလွှမ်းမိုးအပ်သည့်၏အဖြစ်သဉ်သာလျှင်ဗလဋ္ဌတည်းဟုပြခြင်းငှါကေနဋ္ဌေနဝိပဿနာဗလံစသည်ကိုမိန့်သော်)။ ။ကေန ဋ္ဌေန၊ကြောင့်။ ဝိပဿနာဗလံ၊မည်သနည်း။အနိစ္စာနုပဿနာယ၊ဖြင့်။ နိစ္စသညာယ၊ နိစ္စသညာကြောင့်။ နကမ္ပတိ၊မတုန်လှုပ်တတ်။ ဣတိတသ္မာ၊ကြောင့်။ ဝိပဿနာ ဗလံ၊ မည်၏။ ဒုက္ခာ နုပဿနာယ၊ ဖြင့်။ သုခ သညာယ၊ ကြောင့်။နကမ္ပတိ၊တတ်။ဣတိတသ္မာ၊ကြောင့်။ ဝိပဿနာဗလံ၊မည်၏။ (ဣတိကိုဝိပဿနာဗလံနှင့်ယှဉ်၍ချည်းယောဇနာ)။ ။အနတ္တာနုပဿနာယ၊ဖြင့်။ အတ္တသညာယ၊ကြောင့်။နကမ္ပတိ၊တတ်။ နိဗ္ဗိဒါနုပဿနာယ၊ဖြင့်။ နန္ဒိယာ၊သပီတိကတဏှာကြောင့်။ နကမ္ပတိ၊တတ်။ဝိရာဂါနုပဿနာယ၊ဖြင့်။ရာဂေ၊ရာဂကြောင့်။နကမ္ပတိ၊တတ်၊နိရောဓာနုပဿနာယ၊ဖြင့်။ သမုဒယေ၊သမုဒယကြောင့်။နကမ္ပတိ၊တတ်။ပဋိနိဿဂ္ဂါနုပဿနာယ၊ဖြင့်။အာဒါနေ၊စွဲလမ်းခြင်းကြောင့်။နကမ္ပတိ၊တတ်။ဣတိ

တသ္မာ၊ကြောင့်။ဝိပဿနာဇလံ၊မည်၏။အဝိဇ္ဇာယစ၊တဆဲ့နှစ်ပါးသော အကုသိုလ်စိတ္တုပ္ပါဒ်၌ဖြစ်သော အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ အဝိဇ္ဇာသဟဂတကိလေသေစ၊ အဝိဇ္ဇာနှင့်သမ္ပယုတ်ဖြစ်သောလောဘဒေါသအစရှိသောအကြောင်းကြောင့်၎င်း။ ခန္ဓေစ၊အဝိဇ္ဇာနှင့်သမ္ပယုတ်ဖြစ်သောခန္ဓာကြောင့်၎င်း။ နကမ္ပတိ၊ တည်ရာမှရွေ့သောအားဖြင့်မတုန်လှုပ်တတ်။ နစလတိ၊ပတ်ပတ်လည်၍မတုန်လှုပ်တတ်။နဝေဓတိ၊ ပြင်းစွာမတုန်လှုပ်တတ်။ ဣတိတသ္မာ၊ကြောင့်။ ဝိပဿနာဇလံ၊ မည်၏။ ဣဒံ၊ဤအနိစ္စာနုပဿနာစသည်တို့၏အစွမ်းဖြင့် ရှုအပ်သော ဝိပဿနာ၏ နိစ္စသညာအစရှိသည်တို့ကြောင့် မတုန်လှုပ်သည်၏ အဖြစ်ထိုနိစ္စသညာစသည်တို့ကိုနှိပ်နင်းဖျွမ်းမိုး၍မြဲစွာတည်ခြင်းသည်။ ဝိပဿနာဇလံ၊မည်၏။ ။

တယောစသင်္ခါရာနံပဋိပဿဒ္ဓိယာတိ၊ကား။ကတမေသံ၊အဘယ်ကုန်သော။တိဏ္ဏံသင်္ခါရာနံ၊သုံးပါးသောသင်္ခါရတို့၏။ပဋိပဿဒ္ဓိယာ၊ ငြိမ်းခြင်းကြောင့် နည်းဟူမူကား။ ဒုတိယံဈာနံ၊ကို။ သမာပန္နဿ၊ ဝင်စားသော ပုဂ္ဂိုလ်အား။ ဝိတက္ကဝိစာရာ၊ ဝိတက်ဝိစာရဟုဆိုအပ်ကုန်သော။ဝစီသင်္ခါရာ၊တို့သည်။ ပဋိပဿဒ္ဓါ၊ ကုန်သည်။ ဟောန္တိ၊ကုန်၏။ ။(ဝါစံသင်္ခရောန္တိပဝတ္တေန္တီတိဝစီသင်္ခါရာ။ ဝါစာကို ဖြစ်စေတတ်သောဝိတက်ဝိစာရ၏။ထိုကြောင့်ပုဗ္ဗေခေါ အာဝုသောဝိသာခဝိတက္ကေတွာဝိစာရေတွာပစ္ဆာဝါစံဘိန္ဒတိ။ တသ္မာဝိတက္ကဝိစာရာဝစီသင်္ခါရာဟုဟောပြီ။ ။ထိုဝိတက်ဝိစာရသည်ကား။ ဒုတိယဈာန်၌ ငြိမ်းသည်ဖြစ်ကုန်၏။ ထိုကြောင့် ဒုတိယဈာနံ။ပ။ ပဋိပဿဒ္ဓါဟောန္တိ မိန့်သော်)။ ။စတုတ္ထံဈာနံ၊ စတုတ္ထဈာန်ကို။ သမာပန္နဿ၊ ဝင်စားသောပုဂ္ဂိုလ်အား။ အဿာသပဿာသာ၊ ထွက်သက်ဝင်သက်ဟုဆိုအပ်ကုန်သော။ ကာယ သင်္ခါရာ၊ တို့သည်။ ပဋိပဿဒ္ဓါ၊ ကုန်သည်။ ဟောန္တိ၊ကုန်၏။ ။(ကာယေနသင်္ခါရိယန္တီတိကာယသင်္ခါရာ။အဿာသပဿာသာသရသတဉ်း။ထိုကြောင့်မဟုတ်လော။အဿာသပဿာသာခေါအာဝုသောဝိသာခကာယိကာဧတေဓမ္မာကာယပဋိဗဒ္ဓါ။တသ္မာအဿာသပဿာသာကာယသင်္ခါရာဟုဓမ္မဒိန္နထေရီသခင်မဟောပါတကား။ ။ထိုအဿာသပဿာသ တို့သည်ကား အကြင်ကြောင့် စတုတ္ထဈာန်၌ ငြိမ်းကုန်၏။ ထိုကြောင့် စတုတ္ထ ဈာနံ။ ပ။ ပဋိပဿဒ္ဓါ

ဟောန္တိဟူသတည်း)။ ။သညာဝေဒယိတနိရောဓံ၊သညာဝေဒနာ တို့၏ချုပ်ရာနိရောဓသမာပတ်ကို။သမာပန္နဿ၊အား။သညာစ၊သညာ လည်းဖြစ်သော။ဝေဒနာစ၊ဝေဒနာလည်းဖြစ်သော။ စိတ္တသင်္ခါရာ၊တို့ သည်။ပဋိပဿဒ္ဓါ၊ကုန်သည်။ဟောန္တိ၊ကုန်၏။ဧဝမေသံတိဏ္ဏံသင်္ခါရာ နံ၊တို့၏။ပဋိပဿဒ္ဓိယာ၊ငြိမ်းခြင်းကြောင့်။ ။(စိတ္တေနသမ်ိဳယန္တိ စိတ္တ သင်္ခါရာ။သညာဝေဒနာရသတည်း။ ထိုကြောင့်။ သညာစဝေဒနာစ စေတသိကာဧတေစိတ္တပဋိဗဒ္ဓါ။တသ္မာသညာဝေဒနာစိတ္တသင်္ခါ ရာဟုဟောတကား။ ။ထိုသညာ ဝေဒနာ တို့သည်ကား အကြင် ကြောင့်နိရောဓကို ဝင်စားသော ပုဂ္ဂိုလ်အားငြိမ်းကုန်၏။ ထိုကြောင့်။ သညာဝေဒယိတ။ပ။ပဋိပဿဒ္ဓါ ဟောန္တိမိန့်သော်)။ ။

သောဠသဟိဉာဏစရိယာဟိတိ၊ကား။ ကတမာဟိ၊ အဘယ်မည် ကုန်သော။သောဠသဟိ၊ကုန်သော။ဉာဏစရိယာဟိ၊ဉာဏ်၏ဖြစ်ခြင်း တို့ဖြင့်။သမာပဇ္ဇန္တိ၊ကုန်သနည်း။ထည့်။အနိစ္စာနုပဿနာ၊သည်။ဉာဏ စရိယာ၊ဉာဏ်၏ဖြစ်ခြင်းမည်၏။ ဒုက္ခာနုပဿနာ၊ သည်။ အနတ္တာနု ပဿနာ၊သည်။နိဗ္ဗိဒါနုပဿနာ၊သည်။ဝိရာဂါနုပဿနာ၊သည်။ နိရော ဓာနုပဿနာ၊သည်။ ပဋိနိဿဂ္ဂါနုပဿနာ၊ သည်။ ဝိဝဋ္ဋာနုပဿနာ သည်။ဉာဏစရိယာ၊ဉာဏ်၏ဖြစ်ခြင်းမည်၏။ ။(ဤသို့အနုပဿနာကို ပုဒ်တိုင်းယှဉ်)။ ။သောတာပတ္တိမဂ္ဂေါ သည်။ဉာဏစရိယာ၊မည်၏။ သောတာပတ္တိဖလသမာပတ္တိ၊သည်။ဉာဏစရိယာ၊မည်၏။သကဒါဂါ မိမဂ္ဂေါ၊သည်။ပ။အရဟတ္တဖလသမာပတ္တိ သည်။ ဉာဏစရိယာ၊မည် ၏။ဣမာဟိသောဠသဟိဉာဏစရိယာဟိ၊တို့ဖြင့်။ သမာပဇ္ဇန္တိ၊ကုန်၏။ ထည့်။ ။(ဉာဏ်ပဓာနဖြစ်သောကြောင့် မဂ်ဖိုလ်သမာပတ်တို့ကိုဉာ ဏစရိယဟူသတည်း။ တနည်းဉာဏေန စရိတာပဝတ္တိတာတိဉာဏ စရိယာ၊ ဣန္ဒြိယအဓိပတိဟေတုမဂ္ဂသတ္တိအစရှိသည်တို့၏အစွမ်းဖြင့် လွန်စွာကျေးဇူးပြုတတ်သော ဉာဏ်သည် မိမိမှကြွင်းသော မဂ်ဖိုလ် တရားတို့ကိုဆိုပြီးသောသတ္တိဖြင့်ကျေးဇူးပြုရကားဉာဏ်သည်ဖြစ်စေ အပ်သောမဂ္ဂဖလဓမ္မသည် ဉာဏစရိယာမည်၏ဟူလိုသတည်း။ ။ ဤအလို ဉာဏ စရိယာ၊ ဉာဏ်သည် ဖြစ်စေအပ်သော တရားမည်၏ ပေး။ ။ဝိဝဋ္ဋာနုပဿနာကိုယူသဖြင့်လျှင်ထိုဝိဝဋ္ဋာနုပဿနာ၏အာဒိ ဘူတဖြစ်သောသေသအနုပဿနာကိုလည်းယူအပ်ကုန်၏။ထိုကြောင့်

ဋီကာ၌။ ဉာဏစရိယာသုဝိဝဋ္ဋာနုပဿနာဂဟဏေနေဝအဿအာဒိ
ဘူတာသေသာနုပဿနာပိဂဟိတာဝဟောန္တိ။တဒဝိနာဘာဝတော။
မဂ္ဂေါဉာဏစရိယာဖလသမာပတ္တိဉာဏစရိယာတိမဂ္ဂဖလသမာပတ္တိ
နံဉာဏစရိယာဘာဝဝစနံမဂ္ဂဖလဓမ္မာနံ ဉာဏပဓာနတ္တာ။ ဉာဏေန
ဝါဇ္ဇိတ္ထိယာဓိပတိဟေတု မဂ္ဂပစ္စယာဒိဝသေနသာတိသယ ပစ္စယာဘူ
တေနသေသာမဂ္ဂဖလဓမ္မာစရိတာ ပဝတ္တိတာဘိကတွာ တထာဝုတ္တံ။.
သမာဓိစရိယာသုပိဧသေဝနယောဓိန္န့သော်)။ ။

နဝဟိသမာဓိစရိယာဟိတိ၊ ကာ။ ကတမာဟိ၊ကုန်သော။ နဝဟိ၊
ကုန်သော။သမာဓိစရိယာဟိ၊တို့ဖြင့်။သမာပဇ္ဇန္တိ၊ ကုန်သနည်း။ပဌမံ
ဈာနံ၊သည်။သမာဓိစရိယာ၊မည်၏။ဝါ၊သမာဓိသည်ဖြစ်စေအပ်သော
တရားမည်၏။ဒုတိယံဈာနံ၊သည်။ ပ။ နေဝသညာနာသညာယတနသ
မာပတ္တိ၊သည်။ သမာဓိစရိယာ၊မည်၏။ ပဌမဇ္ဈာနပဋိ လာဘတ္ထာယ၊
ပဌမဈာန်ကိုရခြင်းအကျိုး၌။ ဝိတက္ကောစ၊လည်း။ ဝိစာရောစ၊လည်း။ပီတိ
စ၊လည်း။သုခဉ္စ၊လည်း။စိတ္တေကဂ္ဂတာစ၊လည်း။ ပ။ နေဝသညာနာသညာယ
တနပဋိလာဘတ္ထာယ၊၌။ ဝိတက္ကောစ၊လည်း။ ဝိစာရောစ၊လည်း။ ပီတိစ၊
လည်း။သုခဉ္စ၊လည်း။ စိတ္တေကဂ္ဂတာစ၊လည်း။ ဣမာဟိနဝဟိသမာဓိစရိယာ
ဟိ၊၍ကိုးပါးသောသမာဓိ၏ဖြစ်ခြင်းတို့ဖြင့်။ ဝါ၊သမာဓိသည်ဖြစ်စေ
အပ်သောတရားတို့ဖြင့်။သမာပဇ္ဇန္တိ၊ ကုန်၏။ ။(ရှစ်ပါးသောသမာ
ပတ်။ ထိုရှစ်ပါးသောသမာပတ်၏ဥပစာရသမာဓိလည်း ရှစ်ပါးဖြစ်၍
တဆဲ့ခြောက်ပါးရှိရမည့်ကိုအသို့ယူ၍ကိုးပါးဖြစ်သနည်းဟု။ကာ။ န
ဝဟိသမာဓိစရိယာဟိတိ အဋ္ဌသမာပတ္တိ ယော အဋ္ဌသမာဓိစရိယာ။
တာသံဥပစာရသမာဓိဥပစာရသမာဓိဘာဝသာမညေနဧကာသမာ
ဓိစရိယာတိဧဝံနဝဟိသမာဓိစရိယာဟိ၊ တေနာဟ။ပဌမဈာနံသမာ
ဓိစရိယာတိအာဒိ။ဋီကာ။ ။ပဌမဇ္ဈာနပဋိလာဘတ္ထာယ ဝိတက္ကော
အစရှိသောစကားကိုနာနာဝဇ္ဇနအားဖြင့်ဆိုအပ်သလော။ဧကာဝဇ္ဇန
အားဖြင့် ဆိုအပ်သလော။ ကြောင့်။ ပဌမ ဈာန ပဋိလာ ဘတ္ထာယ ဝိ
တက္ကာဒိ အာဒိနာ နာနာဝဇ္ဇနဝသေန ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။ ဥပစာရသမာ
ပတ္တိနံပိဥပစာရဿတထေဝဝုတ္တတ္တာ။နဟိဧကာဝဇ္ဇနေစတုက္ကဈာနာ
နိဥပစာရေပီတိ အာဒယောသမ္ဘဝန္တိ။ ဧတ္တစပဌမဈာနပဋိလာဘတ္ထာ
ယာတိ အာဒိဝစနေန ဥပစာရ သမာဓိဿပိ ပါရိပူရိဇ္ဈာနဿ တဗ္ဘာတိ

ဒဿေတိ။ ဋီကာ။ ။ဝသီဘာဝတာပညာဟူသောပါဠိ၌အဋ္ဌကထာ
မပြအပ်သောအနက်ကိုဋီကာဆရာဘော်ပြလို၍။ ဝသီဘာဝတာပညာ
တိဧတ္ထဝသောတေသအတ္ထီတိဝသီ။ တဿဘာဝေါ ဝသီဘာဝေါ။
သာဧဝဝသီဘာဝတာ။ ဋီကာမိန့်သော်။ ။ဝသီဘာဝတာ ပညာတိ
ဧတ္ထ၊၌။တေသ၊အား။ဝသော၊ လေ့လာခြင်းသည်။ ဝါ၊ စွမ်းနိုင်သော
သတ္တိသည်။အတ္ထိ၊၏။ ဣတိတသ္မာ၊ကြောင့်။ ဝသီ၊မည်၏။ တဿ၊ထို
လေ့လာခြင်းရှိသောပုဂ္ဂိုလ်၏။ ဝါ၊ စွမ်းနိုင်သောသတ္တိရှိသောပုဂ္ဂိုလ်
၏။ဘာဝေါ၊အဖြစ်တည်း။ဝသီဘာဝေါ၊လေ့လာခြင်းရှိသောပုဂ္ဂိုလ်၏
အဖြစ်။ဝါ၊စွမ်းနိုင်သောသတ္တိရှိသောပုဂ္ဂိုလ်၏အဖြစ်။သာဧဝ၊ထိုဝသီ
ဘာဝသည်ပင်လျှင်။ဝသီဘာဝတာ၊ မည်၏၊ ဒေဝေါယေဝ၊ဒေဝတာ
ကဲ့သို့ဟူလို။ငင်းနက်။ ။ယင်းသို့သော်ဝသီဘာဝတာတိဟုပဒုဒ္ဓါရမ
ပြုမူ၍အဘယ့်ကြောင့်ဝသိတိပဉ္စဝသိယောဟုဘွင့် အပ်သနည်း။ ဟူ၊
ကား။ ဝသိယောတိ ပနပါဠိယံ ဇာတ္တိလိင်္ဂဝသေန ဝုတ္တတ္တာ တာယော
ဒဿေတုံဝသိတိပဉ္စဝသိယောတိအာဒိဝုတ္တံ။ဋီကာ)။ ။ဝသိတိ၊ကား။
ဝသိယော၊ဝသီတို့သည်။အာဝဇ္ဇနဝသီ၊အာဝဇ္ဇနဝသီငင်း။သမာပဇ္ဇန
ဝသီ၊ငင်း။အဓိဋ္ဌာနဝသီ၊ငင်း။ဝုဋ္ဌာနဝသီ၊ငင်း။ ပစ္စဝေက္ခဏာဝသီ၊ငင်း။
ဣတိ၊သို့။ပဉ္စ၊တို့တည်း။ ။(ဝသနံဝသီ၊အလိုအလျောက်ဖြစ်စေနိုင်သော
သတ္တိရသတည်း)။ ။တတ္ထ၊ထိုငါးပါးသောဝသီတို့တွင်။ပဌမံဈာနံ၊ကို။
ယတ္ထ၊အကြင်အကြင်အရပ်၌။ဣစ္ဆကံ၊အလိုရှိ၏။တတ္ထ၊ထိုထိုအလိုရှိရာ
အရပ်၌။အာဝဇ္ဇတိ၊ဆင်ခြင်နိုင်၏။ယဒါ၊အကြင်အကြင်အခါ၌။ဣစ္ဆကံ၊
အလိုရှိ၏။ တဒါ၊ထိုထိုအလိုရှိသောအခါ၌။အာဝဇ္ဇတိ၊ဆင်ခြင်နိုင်၏။
တနည်း။ ယံယသ္မိံယသ္မိံ ဈာနင်္ဂေ၊အကြင်အကြင်ဈာနင်၌။ ဣစ္ဆကံ၊အ
လိုရှိ၏။ တံတံ၊ထိုထိုအလိုရှိသောဈာနင်ကို။ အာဝဇ္ဇတိ၊ဆင်ခြင်နိုင်၏။
.ယာဝ၊ အကြင်အကြင်ရွေ့လောက်။ ဣစ္ဆကံ၊အလိုရှိ၏။ တာဝ၊ထိုထို
အလိုရှိသရွေ့လောက်။အာဝဇ္ဇတိ၊နိုင်၏။ ။(ဤသို့သောအရာ၌ဝတ္တ
မာနဝိဘတ်သည်လည်း။ သတ္တိအနက်ကိုဟောရကား ဆင်ခြင်နိုင်၏
ဟု ယောဇနာသည်)။ ။ယတ္ထယတ္ထ ပဒေသေ ဣစ္ဆာယတ္ထိစ္ဆကံ။
ယဒါယဒါ ယသ္မိံ ယသ္မိံဝါ ကာလေ ဣစ္ဆာယ ဒိစ္ဆကံ။ ယာဝယာ
ဝ ဣစ္ဆာယ ဒိစ္ဆကံ။ ဒကာရော ပဒသန္ဓိကရော။ အောက်၌ ဋီကာဟူ
ရကား ယတ္ထိစ္ဆကံစသည်ကိုသမာသ်လည်းဟူစရ၏။ ဣစ္ဆာဝေဣစ္ဆ

ကံမှု၍ ဝါကျလည်းဟူစရ၏။ ယထာရုစိမှတ်)။ ။ယထ္ထကတ္တစိဒ္ဓာ
နေ၊အမှတ်မရှိသောအရပ်၌။တဒါတဒါ၊အမှတ်မရှိသောအခါ၌။ယံကိဉ္စိ
ဗျာနင်္ဂ၊အမှတ်မရှိသောဗျာနင်ကို။အာဝဇ္ဇန္တဿ၊ဆင်ခြင်သောပုဂ္ဂိုလ်
၏။ယထိစ္ဆိတကာလံ၊အကြင်အလိုရှိအပ်သောကာလပတ်လုံး။ ။(ဤ
ကား အာဝဇ္ဇတိဟူသောပုဒ်သည်ပုဂ္ဂလဝါစကဖြစ်၍အာဝဇ္ဇန္တဿအာ
ဝဇ္ဇနာဟူသောအတ္ထကိုရသင့်သောကြောင့်ပါဌသေသမူသတည်း)။ ။
အာဝဇ္ဇနာယ။အာဝဇ္ဇနပဝတ္တိယာ၊အာဝဇ္ဇန်းကိုဖြစ်စေခြင်း၌။ဝါ၊အာ
ဝဇ္ဇန်းဖြစ်ခြင်း၏။ ဒန္ဓာယိတတ္တံ၊ လေးထိုင်းသည်၏ အဖြစ်သည်။ ဝါ၊
နှေးပျည်းသည့်၏အဖြစ်သည်။နတ္ထိ၊မရှိ၊ဇုတိဝေံ၊ဤသို့ဖြစ်သည့်ရှိသော်။
အာဝဇ္ဇနဝသီ၊သည်။သိဒ္ဓါ၊ပြီးသည်မည်သည်။ဟောတိ၏။ ။(အာ
ဝဇ္ဇနာယဝသီ အာဝဇ္ဇနဝသေနဝါဝသီ အာဝဇနဝသီ။ ပြု။ အာဝဇ္ဇနာ
ယ၊အာဝဇ္ဇန်းကိုဖြစ်စေခြင်း၌။ ဝါ၊ဆင်ခြင်ခြင်း၌။ဝသီ၊စွမ်းနိုင်ခြင်း
သည်။ဝါ၊အလိုအလျောက်စိတ်ကိုဖြစ်စေနိုင်ခြင်းသည်။ ဝါ၊ကား။အာ
ဝဇ္ဇနဝသေန၊ ဆင်ခြင်သည့်၏အစွမ်းအားဖြင့်။ဝသီ၊အလိုအလျောက်
စိတ်ကိုဖြစ်စေနိုင်ခြင်းသည်။အာဝဇ္ဇနဝသီ၊မည်၏)။ ။ပဌမံဗျာနံ၊ကို။
ယတ္ထိ ဿကာံ၊အကြင်အကြင်အရပ်၌ဝင်စားခြင်း၌အလိုရှိ၏။တတ္ထတတ္ထ၊
၌။သမာပဇ္ဇတိ၊ ဝင်စားနိုင်၏။ ယဒိစ္ဆကာံ၊အကြင်အကြင်အခါ၌ဝင်စား
ခြင်း၌အလိုရှိ၏။တဒါတဒါ၊၌။သမါပဇ္ဇတိ၊၏။ယါဝဒိစ္ဆကာံ၊အကြင်မျှ
လောက်ဝင်စားခြင်း၌အလိုရှိ၏။ တာဝိစ္ဆိတံကာလံ၊ ထိုမျှလောက်
အလိုရှိအပ်သောကာလပတ်လုံး။သမာပဇ္ဇတိ၊၏။ သမာပဇ္ဇန္တဿ၊ဝင်
စားသောပုဂ္ဂိုလ်၏။ ယထိစ္ဆိတံကာလံ၊ အကြင်အကြင် အလိုရှိတိုင်း
သောကာလပတ်လုံး။ သမာပဇ္ဇနာယ၊ ဝင်စားခြင်း၌။ ဒန္ဓာယိတတ္တံ၊
လေးထိုင်းသည့်၏အဖြစ်သည်။ ဝါ၊နှေးပျည်းသည့်၏အဖြစ်သည်။ နတ္ထိ၊
ရှိ။ဇုတိဝေံ၊ဤသို့ဖြစ်သည့်ရှိသော်။သမာပဇ္ဇနဝသီ၊သည်။ သိဒ္ဓါ၊အပြီး
တိုင်သည်မည်သည်။ဟောတိ၊၏။ ။ပဌမံဗျာနံ၊ကို။ယာဝဒိစ္ဆကာံ၊အ
ကြင်မျှလောက်ထားခြင်း၌အလိုရှိ၏။တာဝိစ္ဆိတံကာလံ၊ ထိုသို့ထား
ခြင်း၌အလိုရှိသမျှ ကာလပတ်လုံး။ အဓိဋ္ဌာတိ၊ ထားနိုင်၏။ အဓိဋ္ဌ
ဟန္တဿ၊ထားသောပုဂ္ဂိုလ်၏။ အဓိဋ္ဌာနေ၊ ဗျာန်ကိုအလိုရှိတိုင်းထား
ခြင်း၌။ဒန္ဓာယိတတ္တံ၊သည်။ နတ္ထိ၊မရှိ။ ဇုတိဝေံ၊သော်။ အဓိဋ္ဌာနဝသီ၊
သည်။သိဒ္ဓါ၊မည်သည်။ဟောတိ၊၏။ ။(အဓိဋ္ဌာနေဝသီအဓိဋ္ဌာနဝသီ

ပြ)။ ။ယာဝဒိစ္ဆကံ၊ အကြင်အကြင်ရွေ့လောက်သောကာလဖြင့်။ ဈာန်
မှထခြင်းငှါအလိုရှိ၏။ တတ္တကေန၊ ထိုမျှလောက်ပိုင်းခြားတိုင်းသော
ကာလဖြင့်။ဝုဋ္ဌာတိ၊ဈာန်မှထနိုင်၏။ ဝုဋ္ဌဟန္တဿ၊ထသောပုဂ္ဂိုလ်၏။
ဝုဋ္ဌာနေ၊ ပိုင်းခြား တိုင်းသော ကာလဖြင့် ထခြင်း၌။ ဒန္ဓာယိ တတ္တံ၊
သည်။နတ္ထိ၊ရှိ။ ဣတိဧဝံ၊သော်။ ဝုဋ္ဌာနဝသီ၊ သည်။ သိဒ္ဓါ၊မည်သည်။
ဟောတိ၊၏။ယာဝဒိစ္ဆကံ၊အကြင်အကြင်ရွေ့လောက်သောကာလပတ်
လုံးဈာန်ကိုဆင်ခြင်ခြင်းငှါအလိုရှိ၏။ထတ္တကေန၊ ထိုထိုအလိုရှိသရွေ့
လောက်။ပစ္စဝေက္ခတိ၊ဆင်ခြင်နိုင်၏။ ယတ္ထကတ္ထစိဋ္ဌာနေ၊၌။တခါတခါ၊
အမှတ်မရှိသောအခါ၌။ယံကိဉ္စိဈာနင်္ဂံ၊ကို။ပစ္စဝေက္ခန္တဿ ဆင်ခြင်
သောပုဂ္ဂိုလ်အား။ ယထိစ္ဆိတကာလံ၊လုံး။ ပစ္စဝေက္ခနာယ ဆင်ခြင်
ခြင်းငှါ။ ဝါ၊ ၏။ ဒန္ဓာယိတတ္တံ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိဧဝံ၊ သော်။
ပစ္စဝေက္ခဏာဝသီ၊သည်။သိဒ္ဓါ၊မည်သည်။ဟောတိ၊၏။ ။(ဤသို့ပြည့်စုံ
အောင်သမ္ဗန်)။ ။ဒုတိယံ၊ ကို။ပ။ နေဝသညာနာသညာယတနသမာ
ပတ္တိံ၊ကို။ပ။ဈာမာပဇ္ဇဝသိယော။ဤငါးပါးသောဝသီတို့သည်။ဟောန္တိ၊
ကုန်၏။ဣတိ၊မှတ်အပ်၏။ ။(တတ္ထဈာနံအာဝဇ္ဇန္တဿနိရန္တံဈာနင်္ဂေ
သုစိဏ္ဏပဝတ္တနသမတ္ထတာအာဝဇ္ဇနဝသီ။သမာပဇ္ဇိတုကာမဿသီဃံ
ဈာနံသမာပဇ္ဇနသမတ္ထတာသမာပဇ္ဇနဝသီ။အစ္ဆရာမတ္တံဝါကတိပယစ္ဆ
ရာမတ္တံဝါခဏံဈာနံဌပေတုံသမတ္ထတာအဓိဋ္ဌာနဝသီ။ တထေဝလဟုံ
ဝုဋ္ဌာတုံသမတ္ထတာ ဝုဋ္ဌာနဝသီ။ ပစ္စဝေက္ခနာဝသီပနအာဝဇ္ဇန ဝသီ
ယာဧဝဝုတ္တာတိ။ ပစ္စဝေက္ခနဇဝနာနေဝဟိ တတ္ထအာဝဇ္ဇနာနန္တရာနိ
တိအယမေတ္ထသင်္ခေပေါ။ဋီကာ။ ။တထေဝအစ္ဆရာမတ္တံဝါ၊လက်ဖျစ်
တတွက် အတိုင်းအရှည်ရှိသည်လည်းဖြစ်သော။ ကတိပယစ္ဆရာမတ္တံ
ဝါ၊လက်ဖျစ်နှစ်ချက်သုံးချက်အတိုင်းအရှည်လည်းဖြစ်သော။ခဏံ၊ခဏပတ်
လုံး။တထေဝကား။အနုကဍ္ဎနဖြစ်၍အစ္ဆရာမတ္တံဝါ ကတိပယစ္ဆရာမတ္တံ
ဝါခဏံကိုင်သည်။ ။တနည်း။ တထေဝ ဩကာမေဝခဏံ၊ ထို
ဆိုအပ်ပြီးသော အစ္ဆရာမတ္တစသော ခဏပတ်လုံး သာလျှင်။ ဈာနသ
မင်္ဂီ၊ဈာန်နှင့်ပြည့်စုံသည်။ဟုတွာ၊၍။လဟုံ၊လျင်စွာ။ဈာနတော၊မှ။ဝုဋ္ဌာ
တုံ၊ထခြင်းငှါ။သမတ္ထတာ၊ စွမ်းနိုင်သည်၏အဖြစ်သည်။ ဝုဋ္ဌာနဝသီ၊
မည်၏။သမ္ဗန်)။ ။စ၊ဆက်။ ဧတ္ထ၊ဤပါဠိတော်၌။ သောဠသဟိဉာ
ဏစရိယာဟိတိ၊ ဟိဟူသော။ ဧသဧသောနိဒ္ဒေသော၊ သည်။ ဥက္ကဋ္ဌ

နိဒ္ဒေသော။အလွန်ကိုညွှန်ပြသောသဒ္ဒါတည်း။ ဝါ။အကြွင်းမဲ့သိမ်းကျုံး
၍ပြသောသဒ္ဒါတည်း။ပန၊စင်စစ်သော်ကား။ အနာဂါမိနော၊အား။ရုဒ္ဒ
သဟိဥာဏစရိယာဟိ၊တဆဲ့လေးပါးသောဥာဏစရိယတို့ဖြင့်။ နိရောဓ
သမာပတ္တိနံ၊ဝင်စားခြင်းသည်။ ဟောတိ၊၏။ ကသ္မာ၊ကား။ အဂ္ဂမဂ္ဂဖ
လာနံ၊တို့၏။ အနဓိဂတတ္တာ၊ မရအပ်သည်၏ အဖြစ်ကြောင့်တည်း။
ဟိတ်။ဥက္ကဋ္ဌနိဒ္ဒေသဝသေန၊ဖြင့်။ သောဠသဟိဥာဏစရိယာဟိတိ၊ဟူ
၍။ယဒိဝုတ္တံ၊အကယ်၍ဆိုအပ်သည်ဖြစ်အံ့။ တတော၊ထိုတဆဲ့ခြောက်
ပါးမှ။ အဝကံသဝသေနပိ၊အယုတ်အားဖြင့်လည်း။ ဇာနိတဗ္ဗံ၊ သိအပ်
သင့်၏။ဧဝံသန္တေ၊ဤသို့ဖြစ်လျက်။ သကဒါဂါမိနော၊အား။ ဒွါဒသဟိ၊
ကုန်သော။ဥာဏစရိယာဟိ၊တို့ဖြင့်။ သောတာပန္နဿစ၊သောတာပန်
အားလည်း။ ဒသဟိ၊ကုန်သော။ဥာဏစရိယာဟိ၊တို့ဖြင့်။နိရောဓသမာ
ပတ္တိနံ၊သည်။ကိံ၊အဘယ်ကြောင့်။ နဟောတိ၊ မဖြစ်သနည်း။ ဇာတိအ
ယံ၊ကား။စောဒနာ၊တည်း။နဟောတိ၊မဖြစ်။ကသ္မာ၊ကား။သမာဓိပါရိ
ဗန္ဓကာနံ၊ သမာဓိ၏ ဘေးရန်ဖြစ်သော။ ပဉ္စကာမ ဂုဏိကရာဂဿ၊
ဝတ္ထုဖြစ်သောငါးပါးသော ကာမဂုဏ်ရှိသော ကာမရာဂ၏။ အပ္ပဟီ
နတ္တာ သမုစ္ဆိန္နတ္တာ၊ မဂ်ဖြင့် မဖြတ်အပ်သေး သည်၏ အဖြစ်ကြောင့်
တည်း။ ။(ပဟာန်သည် သုံးပါးအပြား ရှိသည်ဖြစ်လျက် အဘယ်
ကြောင့်သမုစ္ဆေဒပဟာန်ကိုယူအပ်သနည်းဟူမူ။ နဟိကာမရာဂဿ
ဝိက္ခမ္ဘနပဟာနမတ္တံနိရောဓသအဓိဋ္ဌာနံဘဝိတုံသက္ကောတိ။ဋီကာ)။ ။
ဟိသစ္စံ၊၏။တေသံ၊ထိုသောတာပန်သကဒါဂါမ်ပုဂ္ဂိုလ်တို့သည်။သော
ကာမရာဂေါ၊ကို။အပ္ပဟီနော၊မပယ်အပ်သေး။တသ္မာ၊ထိုသို့မပယ်အပ်
သေးသည်၏အဖြစ်ကြောင့်။ သမထဗလံ၊သမထဗလသည်။ ပရိပုဏ္ဏံ၊
ပြည့်စုံသည်။ နဟောတိ၊မဖြစ်။ တသ္မိံ၊ထိုသမထဗလသည်။ အပရိပူ
ရေ၊ မပြည့်စုံသည်ရှိသော်။ ဒွိဟိဗလေဟိ၊ နှစ်ပါးသော ဗလတို့ဖြင့်။
သမာပဇ္ဇိတဗ္ဗံ၊ ဝင်စားအပ်သော။ နိရောဓ သမာပတ္တိံ၊ကို။ ဗလဝေ
ကလ္လေန၊ အစွမ်းချိသည်၏အဖြစ်ကြောင့်။ သမာပဇ္ဇိတုံ၊ငှါ။ တေ၊ထို
သောတာပန်သကဒါဂါမ်ပုဂ္ဂိုလ်တို့သည်။ထည့်။နသက္ကောန္တိ၊မတတ်
နိုင်ကုန်။ ပန၊အထူးကိုဆိုအံ့။ အနာဂါမိဿ၊ အနာဂါမ်ပုဂ္ဂိုလ်သည်။
သော၊ထိုသမာဓိ၏ဘေးရန်ဖြစ်သောကာမရာဂကို။ပဟီနော၊အကြွင်း
မဲ့ဖြတ်ပယ်အပ်သည်။ဟောတိ၊၏။ တသ္မာ၊ ထိုသမာဓိ၏ဘေးရန်ဖြစ်

သောကာမရာဂ၏ အကြွင်းမဲ့ဖြတ်ပယ်သည့်၏အဖြစ်ကြောင့်။ ။(ဧတေနကာမံမဂ္ဂဖလဉာဏစရိယာလောကိယဉာဏ သမာဓိစရိယာဝိယနိရောဓသမာပဇ္ဇနေ သန္တပေန ဝိနိယုဇ္ဇန္တိ တဒါ အပ္ပဝတ္တနတော။ တဿတဿပနပဋိပက္ခဿ သမုစ္ဆိန္နနေနဖလစရိယာနံဝိသေသပစ္စယတာယနိရောဓသမာပတ္တိယာအဓိဋ္ဌာနံ ဟောတီတိ ဒဿေတိ။ ဋီကာ)။ ။သေဧသောအနာဂါမိ၊သည်။ ပရိပုဏ္ဏဗလော၊ပြည့်စုံသောအားသည်။ဟောတိ၊၏။ ပရိပုဏ္ဏဗလတ္တာ၊ပြည့်စုံသောအားရှိသည်၏အဖြစ်ကြောင့်။သမာပဇ္ဇိတုံ၊ငှါ။သက္ကောတိ၊၏။တေန၊ကြောင့်။ဘဂဝါ၊သည်။နိရောဓဝုဋ္ဌဘတ္တဿ။ပ။ပစ္စယောတိ၊ဟူ၍။အာဟ၊ဟောတော်မူ၏။ ဟိသစ္စံ၊၏။ ဣဒံ၊ ဤနိရောဓဝုဋ္ဌဟတ္တဿအစရှိသောစကားကို။ ပဋ္ဌာနေမဟာပကရဏေ၊ပဋ္ဌာန်းကျမ်းကြီး၌။အနာဂါမိနောဝ၊၏သာလျှင်။နိရောဓဝုဋ္ဌာနံ၊နိရောဓသမာပတ်မှထခြင်းကို။ သန္ဓာယ၊၍။ဝုတ္တံ၊၏။ကသ္မာ၊ကြောင့်။ ဉာယတိ၊ သိအပ်သနည်း ဟူမူ။ နေဝသညာနာသညာယတနကုသလန္တိ၊၍။ဝစနတော၊ကြောင့်။ ဉာယတိ၊၏။ အညထာ၊ တပါးသောအပြားအားဖြင့်။ နေဝသညာနာသညာ ယတနကြိယာတိ၊ဟူ၍။ဝုစ္စေယျ၊ဟောတော်မူရာ၏။ ထည့်။ ဋ္ဌတိ၊ဤ၌ရှေ့စကားတရပ်အပြီးတည်း။ ။

· ကတ္ထသမာပဇ္ဇန္တီတိ၊ကား။ ပဉ္စဝေါကာရဘဝေ၊ ၌။ သမာပဇ္ဇန္တိ၊ကုန်၏။ ကသ္မာ၊ကား။ အနုပုဗ္ဗသမာပတ္တိသဗ္ဘာဝတော၊ပဉ္စဝေါကာရဘုံ၌သာလျှင် အစဉ်အတိုင်းဝင်စားအပ်သော သမာပတ်၏ ရှိသည်၏အဖြစ်ကြောင့်တည်း။ ။(ပဉ္စဝေါကာရဘဝေဟု အဘယ်ကြောင့်ဆိုအပ်သနည်း။ စတုဝေါကာရဘုံ၌လည်း အရူပဈာန်၏ အစွမ်းအားဖြင့် ယထာရဟ အနုပုဗ္ဗသမာပတ်ကို ရအပ်သည်မဟုတ်လော ဟူမူ။အကယ်၍ရသင့်၏။ ထိုသို့ရသင့်သော်လည်း အရူပဈာန်အားဖြင့်ရသင့်သောသမာပတ်ကိုကားတစိတ်မျှ၏ အဖြစ်ကြောင့် အနုပုဗ္ဗသမာပတ်ဟူ၍မဆိုလောက်။ထိုစကားသင့်၏။ ရှစ်ပါးသောသမာပတ်၏အစွမ်းဖြင့်သာလျှင်အနုပုဗ္ဗသမာပတ်ဟူ၍ ဆိုအပ်သတည်း။ ဤသို့သောအနက်ကိုပြခြင်းငှါ။ စတုဝေါကာရဘဝေပန ပဌမဈာနာဒီနံ ဥပ္ပတ္တိမိန္နသော်)။ ။ပန၊ဗျတိရိက်ကိုဆိုအံ့။စတုဝေါကာရဘဝေ၊၌။ပဌမဈာနာဒီနံ၊တို့၏ဥပ္ပတ္တိ၊သည်။နတ္ထိ၊ရှိ။တသ္မာ၊ထိုသို့ပဌမဈာန်စသည်တို့၏ဖြစ်

ခြင်းမရှိသည့်၏အဖြစ်ကြောင့်။ တဒ္ဒ၊ ထိုစတုဝေါကာရဘုံ၌။ သမာ
ပတ္တိံတုံ၊နိရောဓသမာပတ်ကိုဝင်စားခြင်းငှါ။ နသက္ကောတိ၊ကောင်း။ဇွာ
တိ၊၏။ကေစိပန၊တို့သည်ကား။ဝတ္ထု၊သော၊ဟာဒယဝတ္ထု၏။အဘာဝါ၊မ
ရှိခြင်းကြောင့်။တတ္ထ၊၌။သမာပဇ္ဇိတုံ၊ငှါ၊နသက္ကာ၊ကောင်း။ဇွာတိဝဒန္တိ၊
ကုန်၏။တနည်း။ ဝတ္ထု၊သော၊ကရဇကာယဟုဆိုအပ်သောဝတ္ထု၏။ အ
ဘာဝါ၊ကြောင့်။ ။(တတ္ထသမာပဇ္ဇိတုံနသက္ကာတိဝဒန္တိဟုယောဇနာ။ ။
ဋီကာဆရာ မိမိဆိုသောနောက်အနက်ကိုမြဲစေလို၍။ ။ယဒိဟိအာ
ရုပ္ပေနိရောဓံသမာပဇ္ဇေယျ။စိတ္တစေတသိကာနံအညဿစကဿစိအ
ဘာဝတောအပညတ္တိကောဝဘဝေယျ။အနုပါဒိသေသာယနိဗ္ဗာနဓာ
တုယာပရိနိဗ္ဗုတသဒိသော။ ကိစ္စာယံဥပါဒါယနိရောဓံ သမာပန္နော
တိဝတ္တဗ္ဗယျမိန္နံသော်။ ။ဝတ္ထုသာအဘာဝါဟူသောကေစိကားကို
မနှစ်သက်သည်ဖြစ်၍ပယ်လိုရကား။ ကိံ ဝါတောယဝတ္ထုစိန္တာယအင်
ဝေကလ္လတောဝနတ္တိအာရုပ္ပေနိရောဓသမာပတ္တိ သမာပဇ္ဇနံမိန္နံသော်။
ဋီကာ)။ ။ဟိသစ္စံ၊၏။အာရုပ္ပေ၊၌။နိရောဓံ၊ကို။ယဒိသမာပဇ္ဇေယျ။အ
ကယ်၍ဝင်စားငြားအံ့။စိတ္တစေတသိကာနံ၊ တရားတို့၏ငင်း။အညဿ၊
စိတ်စေတသိက်မှ တပါးသော။ ကဿစိ၊ တစုံတခုသော တရား၏
ငင်း။အဘာဝတော၊ကြောင့်။ အပညတ္တိကောဝ၊အသူသည်သမာပတ်
ကိုဝင်စား၏ဟု ပညတ်စရာ မရှိသည်သာလျှင်။ ဘဝေယျ၊ရာ၏။ အ
နုပ္ပါဒိသေသာယ၊ဝိပါက်ကမ္မဇရုပ်အကြွင်းမရှိသော။နိဗ္ဗာနဓာတုယာ၊
နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗုတသဒိသော။ ပရိနိဗ္ဗာန်ပြုသည်နှင့်တူသည်။
ဟောတိ၊၏။ကိစ္စ၊အဘယ်ကိုလျှင်။ဥပါဒါယ၊စွဲ၍။ အယံ၊ဤသူသည်။နိ
ရောဓံ၊ကို။သမာပန္နော၊ဝင်စား၏။ဇွာတိ၊သို့။ ဝတ္တဗ္ဗယျ၊ဆိုရအံ့နည်း။ဝါ၊
ကား။ တောယဝတ္ထုစိန္တာယ၊ ထိုဝတ္ထုကိုကြံသဖြင့်။ ကိံ၊အဘယ်အ
ကျိုးရှိအံ့နည်း။ အင်ဝေကလ္လတောဝ၊ အကြောင်းချို့တဲ့သည့်၏အဖြစ်
ကြောင့်သာလျှင်။အာရုပ္ပေ၊၌။နိရောဓသမာပတ္တိသမာပဇ္ဇနံ၊နိရောဓသ
မာပတ်ကိုဝင်စားခြင်းသည်။နတ္တိ၊မရှိ။ငင်းအနက်။ ။

ကသ္မာသမာပဇ္ဇန္တီတိ၊ကား။ သင်္ခါရာနံ၊သင်္ခတတရားတို့၏။ပဝတ္တိ
ဘေဒေ၊ ခဏခဏဖြစ်ခြင်းပျက်ခြင်း၌။ တနည်း။ သင်္ခါရာနံ၊ သင်္ခတ
တရားတို့၏။ပဝတ္တိဘေဒေ၊ကုသိုလ်စသေါအပြားတို့ဖြင့်ပြား၍။ယထာ
ရဟ၊သုံးပါးသောဒုက္ခတာတို့ဖြင့် နှိပ်စက်အပ်သောဖြစ်ခြင်းအကွဲအ

ပြားန္ဒ။ဥက္ကဋ္ဌတွာ၊ငြိးငွေ၍။ ။(ရုပ်တရေးတို့၌လည်းသင်္ခါရုဒ္ဓကွတာကိုရကောင်းသည်မဟုတ်လော။ကြောင့်။စိတ္တစေတသိကဝိဂမေဟိရူပဓမ္မေသုလဗ္ဘမာနာပိသင်္ခါရုဒ္ဓကွတာအဗ္ဗောဟာရိကတံအာပဇ္ဇတိ။ဋီကာ)။ ။ဒိဋ္ဌေဝဓမ္မေ၊မျက်မြင်လောက ပစ္စက္ခအတ္တဘောဌ္ဌသာလျှင်။ အစိတ္တကာ၊စိတ်စေတသိက်မရှိကုန်သည်။ဟုတွာ၊၍။ နိရောဓံ၊သညာဝေဒနာတို့၏ချုပ်ရာဖြစ်သော။နိဗ္ဗာနံ၊အနုပါဒိသေသနိဗ္ဗာနဓာတ်သို့။ ပတွာ၊ ရောက်သကဲ့သို့။ သုခံ၊ဆင်းရဲကင်းသည်ဖြစ်၍။ ဝိဟရိဿာမ၊နေကုန်အံ့။ဣတိ၊ဤသို့နှလုံးသွင်းသောကြောင့်။သမာပဇ္ဇန္တိ၊ကုန်၏။ ။

ကထဥ္စသသမာပဇ္ဇနံဟောတီတိ။ ကား။ သမထဝိပဿနာဝသေန၊ထမ်းပိုး၌ယှဉ်းစုံဘွဲ့အပ်သောနွားတို့ကဲ့သို့ အစုံဘွဲ့အပ်ကုန်သည်ဖြစ်၍ အချင်းချင်းကျေးဇူးပြုသောအားဖြင့်တကွဖြစ်ကုန်သေါသမထဝိပဿနာတို့၏အစွမ်းဖြင့်။ဥဿက္ကိတွာ၊အလွန်အကဲသို့ရောက်၍နေဝသညာနာသညာယတနဈာန်တိုင်အောင်ဋ္ဌင်း၊ အနုလောမဥ္စတ်တိုင်အောင်ဋ္ဌင်းမနစ်မဆုတ်အားထုတ်၍။ ကတပုဗ္ဗကိစ္စဿ၊ ပြုအပ်ပြီးသောပုဗ္ဗကိစ္စ ရှိသည်ဖြစ်၍။ နေဝသညာ နာသညာယတနံ၊ နေဝ သညာနာသညာယတနသမာပတ်ကို။သမာပဇ္ဇိတွာ၊ဝင်စားပြီး၍။ထည့်။ နိရောဓယတော၊ ထိုနေဝသညာ နာသညာယတန သမာပတ်ကို ချုပ်စေသောပုဂ္ဂိုလ်၏။ ဧဝံဇ္ဈာမိနာ အနုပ္ပဗ္ဗနေန၊ ဤသို့တစုံတခုတခုမှုလည်းဖြစ်သောတပါးတပါးသော စိတ် စေတသိက်တို့ကို မဖြစ်စေသဖြင့်။ အဿ၊ထိုနိရောဓသမာပတ်ကို။ သမာပဇ္ဇနံ၊သည်။ ဟောတိ၊၏။ ။(ယောဟိတိအာဒိနာသမထဝိပဿနာဝသေနာတိ ဝုတ္တမေဝတ္ထံ ဗျတိရေကမုခေနဝိဝရတိ)။ ။ဟိချဲ့အံ့။ ယောပုဂ္ဂလော၊သည်။သမထဝသေနေဝ၊ သမထ၏အစွမ်းဖြင့်သာလျှင်။ ဥဿက္ကတိ၊ အားထုတ်အံ့။ သောပုဂ္ဂလော၊ သည်။ နေဝသညာနာသညာ ယတနသမာပတ္တိံ၊သို့။ ပတွာ၊၍။တိဋ္ဌတိ၊တည်၏တန့်၏။ တဒုဒ္ဓံ၊နေဝသညာနာသညာယတနအထက်၌။ သုဒ္ဓသမထဝိပဿနာယ၊ သက်သက်သောသမထဝိပဿနာ၏။အဘာဝတော၊ကြောင့်တည်း။ဟိတ်။ ပန၊ထိုမှတပါး။ ယော အကြင်ပုဂ္ဂိုလ်သည်။ ဝိပဿနာဝသေနေဝ၊ဖြင့်သာလျှင်။ဥဿက္ကတိ၊လုံ့လပြုအံ့။ သော၊ထိုပုဂ္ဂိုလ်သည်။ ဖလသမာပတ္တိံ၊သို့။ ပတွာ၊၍။ တိဋ္ဌတိ၊တန့်၏။ ။(သစေအရိယောဖလသမာပတ္တုဿုကောသော အတ္တ

နော ဖလသမာပတ္တိံ တွာတိဋ္ဌတိ။ အထပုထုဇ္ဇနော သောဓါဝါ မဂ္ဂတ္တိ ကောတာယစေဝိပဿနာယမဂ္ဂံပတွာဖလေဋ္ဌိတော။ဋီကာ)။ ။ပန၊ ပါး။ယော၊အကြင်ပုဂ္ဂိုလ်သည်။ဥဘယဝသေနေဝ၊ သမထဝိပဿနာ နှစ်ပါး၏အစွမ်းဖြင့်သာလျှင်။ ဥဿဂ္ဂိတွာ၊ လုံ့လပြု၍။ ပုဗ္ဗကိစ္စံ၊မဝင် စားမီ ရှေးအဘို့၌ပြုအပ်သောပုဗ္ဗကိစ္စကို။ ကတွာ၊၍။ နေဝသညာနာ သညာယတနံ၊ဈာန်ကို။နိရောဓေတိ၊ချုပ်စေအံ့။သော၊ထိုဥဘယအား ဖြင့် ကျင့်သောပုဂ္ဂိုလ်သည်။ တံ၊ ထိုနိရောဓသမာပတ်ကို။ သမာပဇ္ဇ တိ၊နိုင်၏။ဣတိအယံ၊ကား။ ဧတ္ထ၊ ဤကထဥ္စသာသမာပဇ္ဇန္တိဟူသော ပုဒ်၌။သင်္ခေပေါ၊တည်း။ ။

---

၂၅၆။ အယံပန၊ဤဆိုလတ္တံ့သည်ကား။ဝိတ္ထာရော၊တည်း။ ဣဓ၊ ဤသာသနာတော်၌။ နိရောဓံ၊ ကို။ သမာပဇ္ဇိတုကာမော၊ ဝင်စားလို သော။ဘိက္ခု၊သည်။ ။(အကြင်ဗလတယသမ္ဘာဂမအစီအရင်ဖြင့်နိ ရောဓသမာပတ်ကိုဝင်စားခြင်းငှါစွမ်းနိုင်၏။ ထိုအစီအရင်ကိုမဆွက ထင်ရှားပြအပ်ပြီဟုသမာပဇ္ဇနအခြင်းအရာကိုသာလျှင်ပြလိုရကားက တဘတ္တကိစ္စောစသည်ကိုမိန့်သော်)။ ။ကတဘတ္တကိစ္စော၊ ပြုအပ် ပြီးသော ဆွမ်းစားခြင်း ကိစ္စ ရှိသည်ဖြစ်၍။ သုဓောတ ဟတ္ထပါဒေါ၊ ကောင်းစွာဆေးကြောသုတ်သင်အပ်ပြီးသောလက်ခြေရှိသည်ဖြစ်၍။ ဝိဝိတ္တေ၊ဆိတ်ငြိမ်သော။ဩကာသေ၊အရပ်၌။သုပညတ္တမှိ၊ကောင်းစွာ ခင်းအပ်ပြီးသော။ အာသနေ၊နေရာ၌။ ပလ္လင်္ကံ၊ထက်ဝယ်ကို။ အာဘု ဇိတွာ၊ ခွေ၍။ဥဇုံ၊ဖြောင့်ဖြောင့်။ကာယံ၊အထက်ဖြစ်သောကိုယ်ကို။ပ ဏိဓာယ၊ထား၍။ပရိမုခံ၊နိရောဓသမာပတ်သို့ရှေးရှု။ သတိံ၊သတိကို။ ဥပဋ္ဌပေတွာ၊ဖြစ်စေ၍။ နိသိဒတိ၊၏။ သောဘိက္ခု၊ ထိုနိရောဓသမာ ပတ်ကိုဝင်စားလိုသောရဟန်းသည်။ ပဌမံဈာနံ၊ကို။သမာပဇ္ဇိတွာ၊၍။ ဝုဋ္ဌာယ၊ပဌမဈာန်မှထလတ်၍။တတ္ထ၊ထိုပဌမဈာန်၌။ဝါ၊ပဌမဈာန်ပြါဒ် ၌။သင်္ခါရေ၊တို့ကို။အနိစ္စတော၊အနိစ္စအားဖြင့်၎င်း။ဒုက္ခတော၊အားဖြင့် ၎င်း။အနတ္တတော၊ဖြင့်၎င်း။ဝိပဿတိ၊ရှု၏။ ။(ဝိပဿတိဟူ၍ဆို၏။ဤ ၌အဘယ်သို့သောဝိပဿနာကိုအလိုရှိအပ်သနည်းဟုစုဒ်ရှိရကား။ ထို လိုအပ်သောဝိပဿနာကိုထုတ်ခြင်းငှါ။ဝိပဿနာပနေသာစသည်ဖြင့် အလုံးစုံသာလျှင်ဖြစ်သောဝိပဿနာကိုခွဲဝေ၍ပြ၏)။ ။ပန၊ဆက်။ဧ

သာဝိပဿနာ၊ ဤဝိပဿနာသည်။ သင်္ခါရ ပရိဂ္ဂဏှနက ဝိပဿနာ၊
သင်္ခါရတို့ကို သိမ်းဆည်းသော ဝိပဿနာဇုဏ်း။ ဖလ သမာ ပတ္တိ ဝိ
ပဿနာ၊ဖလသမာပတ်ကိုဆောင်တတ်သောဝိပဿနာဇုဏ်း။ နိရောဓ
သမာပတ္တိဝိပဿနာ၊ နိရောဓသမာပတ်ကိုဆောင်တတ်သောဝိပဿ
နာဇုဏ်း။ဣတိ၊သို့။တိဝိဓာ၊သည်။ ဟောတိ၊၏။ ။တတ္ထ၊ထိုသုံးပါးတို့
တွင်။ သင်္ခါရပရိဂ္ဂဏှနကဝိပဿနာ၊သည်။ မန္ဒာဝါ၊နုံ့သည်မူလည်း။
ဟောတု၊ဖြစ်စေ၊တိက္ခာဝါ၊ထက်သည်မူလည်း။ဟောတု၊စေ။မဂ္ဂဿ၊
၏။ပဒဋ္ဌာနံ၊နီးစွာသောအကြောင်းသည်။ဟောတိယေဝ၊တည်း။ ။(မန္ဒ
တိက္ခတို့၏အထူးအသိုနည်း။ မန္ဒာစေဝဝိပဿနာဒန္ဓာဘိညံ မဂ္ဂံသာ
ဓေတိ။ တိက္ခာစေခိပ္ပါဘိညန္တိ အယံမန္ဒတိက္ခတာယ ဝိသေသောမိန့်
သော်။ ။မန္ဒမူလည်းဖြစ်စေ တိက္ခမူလည်း ဖြစ်စေ လက္ခဏာသို့
ရောက်သောဝိပဿနာသည်မဂ်၏ပစ္စည်းဖြစ်သည်သာလျှင်တည်းဟု
ဤအနက်ကိုပြခြင်းငှါ။သင်္ခါရေ။ပ။ဟောတိယေဝမိန့်သော်။ဋီကာ)။ ။
ဖလသမာပတ္တိဝိပဿနာ၊သည်။တိက္ခာဝ၊ထက်သည်သာလျှင်။ဝဋ္ဋတိ၊
သင့်၏။ သင်္ခါရာရမ္မဏာ၊ သင်္ခါရလျှင် အာရုံရှိသည်။ သတ်ပိ၊ သော်
လည်း။သဗ္ဗသင်္ခါရေဟိ၊တို့မှ။ ဝိနိဝဋ္ဋနာကာရေနေဝ၊ ဆုတ်နစ်ပြန်
လည်သောအခြင်းအရာအားဖြင့် သာလျှင်။ ပဝတ္တနတော၊ ဖြစ်ခြင်း
ကြောင့်ဇုဏ်း၊မဂ္ဂေါဝိယ၊ကဲ့သို့။ ဝိသင်္ခါရဂတဿ၊ နိဗ္ဗာန်ဟူသောအာ
ရုံ၌ဖြစ်သော။ဖလဿ၊၏။ပစ္စယဘာဝတော၊အကြောင်း၏ဖြစ်ကြောင်း
တည်း။ဟိတ်။ ။(တေနာဟ။မဂ္ဂဘာဝနာသဒိသာတိ)။ ။မဂ္ဂဘာဝနာ
သဒိသာ၊မဂ်ကိုပွါးစေခြင်းနှင့်တူသည်။ဟောတိ၊၏)။ ။ပန၊ပါး။နိရော
ဓသမာတ္တိ၊ဝိပဿနာ၊သည်။ နာတိမန္ဒနာတိတိက္ခာ၊ မနုံ့လွန်းမထက်
လွန်းမူကား။ဝဋ္ဋတိ၊သင့်၏။ ။(အဘယ့်ကြောင့်နာတိမန္ဒနာတိတိက္ခာ
ဝဋ္ဋတိဟူသနည်း။ယသ္မာအတိမန္ဒာသမထေါဒိကာသင်္ခါရာနံနိရောဓနေ
အသမတ္ထာသမ္ဘနိဗ္ဗာဟောတိ။ အတိတိက္ခာဥာဏာဓိကာသာတိသ
ယံသင်္ခါရေသုဒေါသဒဿနေနဖလသမာပတ္တိနိဗ္ဗာဟောတိ။ တသ္မာ
နာတိမန္ဒနာတိတိက္ခာဝဋ္ဋတိတိ။ဋီကာ)။ ။တသ္မာ၊ကြောင့်။ဧသဧသော
နိရောဓသမာပဇ္ဇနကော၊ ဤနိရောဓသမာပတ်ကိုဝင်စားသောရဟန်း
သည်။ နာတိမန္ဒာယ၊ မနုံ့လွန်း သော။ နာတိတိက္ခာယ၊ မထက်လွန်း
သော။ဝိပဿနာယ၊ဝိပဿနာဖြင့်။တေသင်္ခါရေ၊ ထိုပဋ္ဌမဈာန်သင်္ခါ

ရတို့ကို။ဝိပဿတိ၊၏။ တတော၊ထို့နောင်မှ။ ဒုတိယဗျာနံ၊ကို။ သမာပဇ္ဇိတွာ၊၍။ဝုဋ္ဌာယ၊ဒုတိယဗျာန်မှထ၍။တထ္ထ၊ ထိုဒုတိယဗျာန်စိတ္တုပ္ပါဒ်၌။သင်္ခါရေ၊တို့ကို။ တထေဝနာတိမဇ္ဈာယနာတိ တိက္ခာယ ဝိပဿနာယ၊နာတိမန္ဒနာတိတိက္ခဝိပဿနာဖြင့်သာလျှင်။ဝိပဿတိ၊၏။ ။(တထေဝါတိဇ္ဈာမိနာနာတိမန္ဒာယနာတိတိက္ခာယာတိဇ္ဈာမမတ္တံအာကဍ္ဍတိ။ သေနယောသေသေသုပိ။ဋီကာ)။ ။တတော၊ထိုနောင်မှ။ တတိယဗျာနံ၊ကို။ပ။တတော၊မှ။ဝိညာဏဉ္စာယတနံ၊ကို။သမာပဇ္ဇိတွာ၊၍။ဝုဋ္ဌာယ၊ ဝိညာဏဉ္စာယတန ဗျာန်မှထ၍။ တထ္ထ၊ ထိုဝိညာဏဉ္စာ ယတန စိတ္တုပ္ပါဒ်၌။သင်္ခါရေ၊တို့ကို။တထေဝ၊ဖြင့်သာလျှင်။ဝိပဿတိ၊၏။ ။ တထာ၊ ထိုဝိညာဏဉ္စာယတန သင်္ခါရကိုရှုသည်၏အခြားမဲ့၌။ အာကိဉ္စညာယတနံ၊ဗျာန်ကို။သမာပဇ္ဇိတွာ၊၍။ဝုဋ္ဌာယ၊အာကိဉ္စညာယတန ဗျာန်မှထ၍။ ။(အာကိဉ္စာယတနဗျာန်မှထပြီး၍ အောက်၌ကဲ့သို့ပင် သင်္ခါရဝိပဿနာကိုပြုရအံ့လော။ထိုသို့ကားမဟုတ် စတုဗ္ဗိဓပုဗ္ဗကိစ္စကိုသာပြုရအံ့လောဟူမူ။ ။အာကိဉ္စညာယတနံ သမာပဇ္ဇိတွာဝုဋ္ဌာယတတ္ထ သင်္ခါရေတထေဝ ဝိပဿနာတိတိ ဝတ္တဗ္ဗံ။ ဟောဋ္ဌာဝုတ္တနယတ္တာပနတံအဝတ္တွာစတုဗ္ဗိဓံ ပုဗ္ဗကိစ္စံကရောတိဧွဝဝုတ္တန္တိ ကေစိ။ တံတေသံမတိမတ္တံ။ ဝိပဿနာစာရတောဟိသမာဓိစာရော။ တသ္မာ သမာပတ္တိတောဝုဋ္ဌနယ ပုဗ္ဗကိစ္စံကာတဗ္ဗံ။ တထာဟိပရတောပိအာကိဉ္စညာယတနံ သမာပဇ္ဇိတွာဝုဋ္ဌာယ ဇ္ဈာမံပုဗ္ဗကိစ္စံကတွာတိ အာဒိ ဝက္ခတိ။နပနတတ္ထသင်္ခါရေတထေဝဝိပဿိတွာတိ။ဋီကာ)။ ။နာနာဗဒ္ဓအဝိကောပနံ၊ အသီးအသီးဖြစ်၍ မိမိကိုယ်နှင့်မစပ်သောပရိက္ခာရာ၏မပျက်စီးခြင်းကိုဓိဋ္ဌာန်ခြင်းရင်း။သင်္ဃပတိမာနနံ၊သင်္ဃာတော်၏ ငံ့လင့် မြော်လင့်ခြင်းကိုဆင်ခြင်ခြင်းရင်း။ သတ္ထုပက္ကောသနံ၊ သဗ္ဗညုဘုရားမြတ်စွာ၏ခေါ်တော်မူခြင်းကိုဆင်ခြင်ခြင်းရင်း။အဒ္ဓါနပရိစ္ဆေဒံ၊ ဇီဝိတိန္ဒြေ၏အဓွန့်အပိုင်းအခြားကိုဆင်ခြင်ခြင်းရင်း။ ဇာတိ၊သို့။ စတုဗ္ဗိဓံ၊သော။ ပုဗ္ဗကိစ္စံ၊ကို။ကရောတိ၊ပြု၏။ တတ္ထ၊ထိုလေးပါးတို့တွင်။ နာနာဗဒ္ဓအဝိကောပနန္တိ၊ကား။ယံ၊အကြင်ပရိက္ခာရာသည်။ ဇ္ဈာမိနာဘိက္ခုနာ၊၏နှိရောဓသမာပတ်ကိုဝင်စားသောရဟာန်းနှင့်။သဒ္ဓိံ၊ကွ။ ဧကာဗဒ္ဓံ၊တစပ်တည်းစပ်သည်။နဟောတိ၊မဖြစ်။နာနာဗဒ္ဓံ၊အထူးထူးသောတည်ရာနှင့်စပ်သည်။ ဟုတွာ၊၍။ ဌိတံ၊ တည်သော။ ပတ္တစီဝရံဝါ၊သ

ဝိတ်သက်န်းမှုလည့်းဖြစ်သော။ မဥ္စပိဋ္ဌဝါ၊ ညောင်စောင်းအင်းပျဉ် မှု
လည်းဖြစ်သော။ နိဝါသဂေဟံဝါ၊ နေရာကျောင်းမှုလည်း ဖြစ်သော။
အညံဝါပန၊ ဆိုအပ်ပြီးသည်မှတပါးလည်းဖြစ်သော။ ကိဉ္စိ ပရိက္ခာရ
ဇာတံ၊ တစုံတခုသော ပရိက္ခရာမျိုးသည်။ အတ္တ၊၏။ တံသပ္ပံ၊ ထိုအ
လုံးစုံသော ပရိက္ခရာသည်။ ယထာ၊ အကြင်အခြင်းဖြင့်။ အမိဋ္ဌံတော၊
မိဋ္ဌာန်သည်ရှိသော်။နဝိကုပ္ပတိ၊မပျက်စီး။ အဂ္ဂိဥဒကဝါတစောရဥန္ဒ
ရာဒိနံဝသေန၊ မီး၊ ရေ၊ လေ၊ခိုးသူ၊ကြွက်အစရှိသည်တို့၏အစွမ်းဖြင့်။
နဝိနဿတိ၊မပျက်စီး။ဧဝံတထာ၊ထိုအခြင်းဖြင့်။အမိဋ္ဌာတဗ္ဗံ၊အမိဋ္ဌာန်
အပ်၏။ ဝါ၊ အမိဋ္ဌာတဗ္ဗံစိတ္တံဥပ္ပါဒေတဗ္ဗံ။ စိတ်ကိုဖြစ်စေအပ်၏။ ။
(တထာစိတ္တုပ္ပါဒနမေဝဟေတ္ထအမိဋ္ဌာနံ)။ ။တတြ၊ ထိုပုဗ္ဗကိစ္စ၌။
ဣဒံ၊ဤဆိုလတ္တံ့သည်ကား။အမိဋ္ဌာနဝိဓာနံ၊ စိတ်ကိုဖြစ်စေရာသောအ
စီအရင်တည်း။ ဣဒဥ္စဣဒဥ္စ၊ ဤမည်သော ဤမည်သောပရိက္ခရာကို။
ဣမသ္မိံသတ္တာဟဗ္ဗန္တရေ၊ ဤခုနစ်ရက်အတွင်း၌။ အဂ္ဂိနာ၊ မီးသည်။
မာဈာယတု၊ မလောင် အပ်စေ သတည်း။ ဥဒကေန၊ ရေသည်။ မာ
ဝုယှတု၊ မမျှောအပ်သည်ဖြစ်စေသတည်း။ ဝါတေန၊လေသည်။ မာ
ဝိဒ္ဓံသတု၊ မဖျက်ဆီးအပ်သည်ဖြစ်ပါစေသတည်း။စောရေဟိ၊ခိုးသူ
တို့သည်။ မာဟရိ ယတု၊ မဆောင် အပ်သည် ဖြစ်ပစေ သတည်း။
ဥန္ဒူရာဒိဟိ၊ ကြွက်ပိုးဟပ်စသည်တို့သည်။ မာခဇ္ဇတု၊ မခဲအပ်သည်
ဖြစ်စေသတည်း။ဣတိဣဒံ၊ ဤသည်ကား။ အမိဋ္ဌာနဝိဓာနံ၊တည်း။ဧဝံ၊
ဤသို့သောနည်းဖြင့်။ အမိဋ္ဌိတေ၊ စိတ်ကိုဖြစ်စေသည် ရှိသော်။ တံ
သတ္တာဟံ၊ ထိုခုနစ်ရက်ပတ်လုံး။ တဿ၊ထိုပရိက္ခရာအပေါင်း၏။ ဝါ၊
ထိုရဟန်း၏။ ကောစိ၊တစုံတခုသော။ပရိဿယော၊ဘေးရန်သည်။ န
ဟောတိ၊ဖြစ်။ အနမိဋ္ဌဟတောပန၊ စိတ်ကိုမဖြစ်စေသော ရဟန်း၏
ကား။ ပရိက္ခာရံ၊သည်။ထည့်။ အဂ္ဂိအာဒိဟိ၊မီးစသည်တို့ဖြင့်။ ဝိနဿ
တိ၊၏။ကိမိဝ၊ကား။မဟာနာဂတ္ထေရဿ၊မဟာနာဂထေရ်၏။ပရိက္ခာ
ရံဝိယ၊ ပရိက္ခရာကဲ့သို့တည်း။ ထေရော၊မဟာနာဂထေရ်သည်။ မာ
တုဥပါသိကာယ၊ မယ်တော်ဥပါသိကာမ၏။ ဂါမံ၊သို့။ပိဏ္ဍာယ၊ဆွမ်း
အလို့ငှါ။ပါဝိသိကိရ၊ဝင်တော်မူသတတ်။ဥပါသိကာ၊သည်။ယာဂုံ၊ကို။
ဒတွာ၊လှူ၍။အာသနသာလာယ၊ဆွမ်းစားစရပ်၌။ နိသီဒါပေသိ၊ဆွမ်း
ကိုလင့်လျက်သတင်းသုံးစေ၏။ ထေရော၊သည်။ နိရောဓံ၊ နိရောဓသ

မာပတ်ကို။ သမာပဇ္ဇိတွာ၊၍။ နိသိဒိ၊၏။ တသ္မိံ၊ထိုမဟာနာဂမထေရ်သည်။ နိသိန္နေ၊သော်။ အာသနသာလာယ၊ဆွမ်းစားစရပ်ကို။အဂ္ဂိနာ၊သည်။ ဂဟိတာယ၊စွဲအပ်လတ်သော်။ သေသဘိက္ခူ၊ ကြွင်းသောရဟန်းတို့သည်။ အတ္တနောအတ္တနော၊၏။နိသိန္နာသနံ၊နေသောနေရာကို။ဂဟေတွာ၊၍။ပလာယိံသု၊ပြေးကုန်၏။ ဂါမဝါသိကာ၊ရွာသူရွာသားအပေါင်းတို့သည်။ သန္နိပတိတွာ၊ဖြဖြတက်မှုစည်းဝေးကြကုန်၍။ထေရံ၊ ထေရ်ကို။ဒိသွာ၊မြင်၍။ အလသသမဏောတိ၊ ရဟန်းပျင်းရဟန်းပျင်းဟူ၍။ အာဟံသု၊ ဆိုကုန်၏။ အဂ္ဂိ၊ မီးသည်။ တိဏဝေဠုကဋ္ဌာနိ၊သက်ငယ်ဝါးသစ်သားတို့ကို။ဈာပေတွာ၊ကျွမ်းစေ၍။ ထေရံ၊မဟာထေရ်ကို။ ပရိက္ခိပိတွာ၊ခြံပွယ်ကဲ့သို့ရံ၍။ အဋ္ဌာသိ၊တည်၏။မနုဿာ၊တို့သည်။ဃဋေဟိ၊အိုးတို့ဖြင့်။ဥဒကံ၊ကို။အာဟရိတွာ၊ဆောင်၍။နိဗ္ဗာပေတွာ၊ငြိမ်းစေ၍။ ဆာရိကံ၊ ပြာ၊မီးသွေးအပေါင်းကို။ အပနေတွာ၊ဖယ်၍။ပရိဘဏ္ဍံ၊နွားချေးပိုလိမ်းကျံသည်ကို။ ကတွာ၊၍။ပုပ္ဖါနိ၊ပန်းတို့ကို။ဝိကိရိတွာ၊ကြဲ၍။ နမဿမာနာ၊ရှိခိုးကုန်လျက်။ အဋ္ဌံသု၊တည်ကုန်၏။ထေရော၊သည်။ပရိစ္ဆိန္နကာလဝသေန၊ပိုင်းခြားအပ်သောကာလ၏အစွမ်းဖြင့်။ဝုဋ္ဌာယ၊၍။ တေမနုဿေ၊ထိုရှိခိုးပူဇော်ကြသောလူတို့ကို။ဒိသွာ၊၍။ပါကဋော၊ထင်ရှားသည်။ဇာတောအမှိ၊ဖြစ်ပြီးကား။ ဣတိ၊ဤသို့နှလုံးပိုက်၍။ ဝေဟာသံ၊ကောင်းကင်သို့။ ဥပ္ပတိတွာ၊ ပျံတက်၍။ပိယင်္ဂုဒီပံ၊ပိယင်္ဂုကျွန်းသို့။ အဂမာသိ၊ ကြွတော်မူလေ၏။ ဣဒံ၊ဤမိဿန်ခြင်းသည်။ နာနာဗဒ္ဓအကောပနံနာမ၊အသီးအသီးသောအရပ်၌ဖြစ်၍ကိုယ်နှင့်မစပ်သောပရိက္ခာရာ၏မပျက်စီးခြင်းကိုမိဿန်ခြင်းမည်၏။ ။

ယံနိဝါသန ပါဝုရဏံဝါ၊ အကြင်သင်းပိုင် ကိုယ်ဝတ်သည်ရင်း။ ယံနိသိန္နာသနံဝါ၊ အကြင်ထိုင်သောနေရာသည်ရင်း။ ကောဗဒ္ဓံ၊ မိမိကိုယ်နှင့်စပ်သည်။ ဟောတိ၊၏။ တတ္ထ၊ထိုမိမိကိုယ်နှင့်စပ်သောပရိက္ခာရာ၌။ဝိသုံအဓိဋ္ဌာနကိစ္စံ၊စိတ်ကိုအသီးဖြစ်စေခြင်းကိစ္စသည်။ နတ္ထိ၊ရှိ။သမာပတ္တိဝသေနေဝ၊နိရောဓသမာပတ်၏အစွမ်းဖြင့်သာလျှင်။နံ၊ထိုမီးအစရှိသောအန္တရာယ်ကို။ရက္ခတိ၊စောင့်၏။ကိမိဝ၊ကား။အာယသ္မတော၊သက်တော်ရှည်သော။ သဉ္ဇီဝဿ၊သဉ္ဇီဝဿမထေရ်အား။ရက္ခတိဝိယ၊စောင့်၏သို့တည်း။ စသစ္စံ၊မှန်၏။ အာယသ္မတောသဉ္ဇီဝဿသမာဓိဝိပ္ဖါရာဣဒ္ဓိ၊ အာယသ္မတောသာရိပုတ္တဿ သမာဓိဝိပ္ဖါရာဣဒ္ဓိတိ၊ဟူ

၍။ ဧတံဝစနံ၊ ကို။ ဝုတ္တံပိ၊ ဆိုအပ်ပြီးသည်သာလျှင်တည်း။ သံဃပဋိမာန
နန္တိ၊ ကား။ သံဃဿ၊ သံဃာတော်၏။ ပဋိမာနနံဥဒိက္ခနံ၊ မြော်လင့်
ခြင်းတည်း။ ယာဝ၊ အကြင်မျှလောက်။ ဧသောဘိက္ခု၊ ဤသမာပတ်
ဝင်စားသောရဟန်းသည်။ အာဂစ္ဆတိ၊ လာ၏။ တာဝ၊ ထိုမျှလောက်။
သံဃကမ္မံ၊ သံဃာကံကို။ အကရောန္တာ၊ မပြုလင့် ခြင်းတည်း။ ဣတိ
အတ္ထော၊ ဤကားအနက်။ စ၊ ဆက်၍ဆိုအံ့။ ဧတ္ထ၊ ဤပုဗ္ဗကိစ္စလေးပါးတို့
တွင်။ ပဋိမာနနံ၊ သံဃာတော်၏ မြော်လင့်ခြင်းသည်။ ဧတဿ ထိုနိ
ရောဓသမာပတ်ကိုဝင်စားသောရဟန်း၏။ ဝါ၊ ဝင်စားခြင်း၏။ ပုဗ္ဗကိစ္စံ၊
သည်။ န၊ မဟုတ်။ ပန၊ အလျှော်ကား။ ပဋိမာနနာဝဇ္ဇနံ၊ သံဃာတော်
မြော်လင့်အံ့သည်ကို ဆင်ခြင် ခြင်းသည်။ ပုဗ္ဗကိစ္စံ၊ တည်း။ တသ္မာ၊
ကြောင့်။ ဧဝံ၊ ဤသို့ဆိုလတ္တံ့သောနည်းဖြင့်။ အာဝဇ္ဇိတဗ္ဗံ၊ ဆင်ခြင်အပ်
၏။ မယိ၊ ငါသည်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ နိရောဓံ၊ နိရောဓသမာ
ပတ်ကို။ သမာပဇ္ဇိတွာ၊ ၍။ နိသိန္နေ၊ နေသည်ရှိသော်။ သံဃော၊ သံဃာ
တော်သည်။ ဉတ္တိကမ္မာဒိသု၊ ဉတ္တိကံစသည်တို့တွင်။ ကိဉ္စိဒေဝကမ္မံ၊ တ
စုံတခုသာလျှင် ဖြစ်သောကံကို။ ကတ္တုကာမော၊ ပြုလိုသည်။ သစေ
ဟောတိ၊ အကယ်၍ဖြစ်တုံအံ့။ ယာဝ၊ လောက်။ မံ၊ ကို။ ကောစိဘိက္ခု၊
တစုံတယောက်သောရဟန်းသည်။ အာဂန္တွာ၊ လာ၍။ နပက္ကောသတိ၊
မခေါ်သေး။ တာဝဒေဝ၊ ထိုသို့မခေါ်မီရှေ့လျှင်။ ဝုဋ္ဌဟိဿာမိ၊ ထအံ့။
ဣတိ၊ သို့။ အာဝဇ္ဇိတဗ္ဗံ၊ ၏။ ဟိ၊ အကျိုးကိုဆိုအံ့။ ဣတိကတွာ၊ ဤသို့ဆင်
ခြင်ခြင်းကိုပြု၍။ သမာပန္နော၊ သမာပတ် ဝင်စားသော ရဟန်းသည်။
တသ္မိံသမယေ၊ ထိုခေါ်အံ့ဟုလာသောရဟန်း၏မိမိအနီးသို့ကပ်သော
အခါ၌။ ဝုဋ္ဌာတိယေဝ၊ သမာပတ်မှထသည်သာလျှင်တည်း။ ။(ကာလ
ပရိစ္ဆေဒသဒိသံဟောတိ)။ ။ယောပန၊ အကြင်ရဟန်းသည်ကား။ ဧဝံ၊
ဤသို့စိတ်ကိုဖြစ်စေခြင်းကို။ နကရောတိ၊ မပြု။ သံဃောစ၊ သံဃာတော်
သည်လည်း။ သန္နိပတိတွာ၊ စည်းဝေး၍။ တံဘိက္ခုံ၊ ထိုသမာပတ်ဝင်
စားသောရဟန်းကို။ အပဿန္တော၊ မမြင်သည်ဖြစ်၍။ အသုကောဘိက္ခု၊
ဤမည်သောရဟန်းသည်။ ကုဟိံ၊ အဘယ်မှာနည်း။ ဣတိ၊ သို့။ ပုစ္ဆိ ၏။ နိ
ရောဓသမာပန္နောတိ၊ နိရောဓသမာပတ်ကိုဝင်စား၍နေပါသည်ဟူ၍။
ဝုတ္တေ၊ တစုံတယောက်သောရဟန်းလျှောက်လတ်သော်။ သံဃော၊
သံဃာတော်သည်။ ကိဉ္စိဘိက္ခုံ၊ တစုံတယောက်သောရဟန်းကို။ ပေ

သေတိ၊စေ၏။ဂန္တွာ၊သွားချေ။နံဘိက္ခုံ၊ထိုရဟန်းကို။ သံဃာသာ၊သံဃာ
တော်၏။ဝစနေန၊စကားဖြင့်။ ပက္ကောသာဟိ၊ခေါ်စေလော။ ဣတိ၊သို့။
ပေသေတိ၊၏။ အထ၊ထိုသို့စေလတ်သော်။ တေနဘိက္ခုနာ၊ထိုတမန်
ရဟန်းသည်။ အသော၊ထိုနိရောဓသမာပတ်ဝင်စားသောရဟန်း၏။သ
ဝနာန္တပစာရေ၊ကြားလောက်သောအရပ်၌။ဌတွာ၊ရပ်၍။ အာဝုသော၊
ငါ့ရှင်။သံဃော၊သံဃာတော်သည်။တံ၊ငါ့ရှင်ကို။ ပဋိမာနေတိ၊မြော်
လင့်၏။ဣတိ၊သို့။ ဝုတ္တမတ္တေဝ၊ဆိုခါမျှ၌သာလျှင်။ ဝုဋ္ဌာနံ၊သမာပတ်မှ
ထခြင်းသည်။ ဟောတိ၊၏။ အဂ္ဂိအာဒိဟိပိ၊မီးအစရှိသောဘေးရန်တို့
သည်လည်း။ အနဘိဘဝနီယံ၊ မနှိပ်နင်းမလွှမ်းမိုးနိုင်သော နိရောဓသ
မာပတ်ဝင်စားသောရဟန်းကို။သမာပတ္တိတော၊မှ။ ဝုဋ္ဌာပနတော၊ထ
စေနိုင်သည်၏အဖြစ်ကြောင့်။ထည့်။ သံဃာသာအာဏာနာမ၊ သံဃာ
တော်၏အာဏာသည်။ ဝံဂရုကာဟိ၊ဤရွေ့လောက်ပင်ဝန်လေးသည်
သာတည်း။ ။(တသ္မာအတ္တနောဟိတသုခံအာကင်္ခန္တေနဇီဝိတပဟော
တုပိသံဃာသာအာဏာနအတိက္ကမိတဗ္ဗာတိအဓိပ္ပါယော)။ ။တသ္မာ၊
ထိုကြောင့်။တံ၊ထိုသံဃာတော်မြော်လင့်အံ့သည်ကို။ အာဝဇ္ဇိတွာ၊၍။
ယထာ၊အကြင်အခြင်းဖြင့်။သယမေဝ၊သံဃာတော်မခေါ်ရဘဲ မိမိအ
လိုလိုသာလျှင်။ဝုဋ္ဌာတိ၊၏။ဧဝံတထာ၊ဖြင့်။သမာပဇ္ဇိတဗ္ဗံ၊၏။ ။သတ္ထု
ပက္ကောသနန္တိ၊ကား။ ဣဓာပိ၊ဤဘုရားခေါ်တော်မူရာ၌လည်း။ သတ္ထု
ပက္ကောသနာဝဇ္ဇနမေဝ၊ ဘုရားမြတ်စွာ ခေါ်တော်မူအံ့သည်ကို ဆင်
ခြင်ခြင်းသည်သာလျှင်။ ဣမဿ၊ ဤသမာပတ်ဝင်စားသောရဟန်း၏။
ကိစ္စံ၊ကိစ္စမည်၏။တသ္မာ၊ကြောင့်။တံပိ၊ထိုဘုရားခေါ်တော်မူအံ့သည်
ကိုလည်း။ဧဝံ၊ဤဆိုလတ္တံ့သောနည်းဖြင့်။ အာဝဇ္ဇိတဗ္ဗံ၊၏။မယိ၊သည်။
သတ္တာဟံ၊လုံး။နိရောဓံ၊ကို။သမာပဇ္ဇိတွာ၊၍။နိသိန္နေ၊သော်။ သတ္ထာ၊လူ
နတ်ပြဟ္မာ ဆုံးမနာ၍။သတ္ထာမည်ရှိ စောရနိသည်။ ဝတ္ထုံသို့၊ ဝတ္ထုံ
သည်။ဩတိဏ္ဏေ၊သံဃာဘောင်သို့သက်သည်ရှိသော်။ ။(ဩတိဏ္ဏော
ဝတ္ထုံသို့ရှိမှ။ သံဃာဘောင်သို့ သက်သောဝတ္ထုကြောင့်။ပေး)။ ။
သိက္ခာပဒံဝါ၊သိက္ခာပုဒ်ကိုမူလည်း။ သစေပညပေတိ၊ ၍ပညတ်အံ့။တ
ထာရူပါယ၊ထိုသို့သဘောရှိသော။ အဋ္ဌုပ္ပတ္တိယာ၊အဋ္ဌုပ္ပတ္တိကြောင့်။
ဓမ္မံဝါ၊တရားကိုမူလည်း။ သစေဒေသေတိ၊အကယ်၍ဟောအံ့။ယာဝ၊
လောက်။မံ၊ကို။ကောစိ၊သည်။အာဂန္တွာ၊၍။အာဝုသော၊ငါ့ရှင်။တံ၊ကို။

သဗ္ဗာ၊ဘုရားမြတ်စွာသည်။ အာမန္တေတိ၊ ခေါ်၏။ဣတိ၊သို့။ နပက္ကော
သတိ၊မခေါ်သေး။တာဝဒေဝ၊ ထိုသို့မခေါ်မီရှေ့လျှင်။ ဝုဋ္ဌဟိဿာမိ၊
ထအံ့။ ဣတိ၊သို့။ အာဝဇ္ဇိတဗ္ဗံ၏။ဟိ၊အကျိုးကိုဆိုအံ့။ ဧဝံကတွာ၊ဤသို့
ဆင်ခြင်ခြင်းကိုပြု၍။နိသိန္နော၊နေသည်ရှိသော်။တသ္မိံသမယေ၊ထိုခေါ်
အံ့ဟုလာသောရဟန်း၏ မိမိအနီးသို့ကပ်သောအခါ၌။ ဝုဋ္ဌာတိယေဝ၊
,သမာပတ်မှထသည်သာလျှင်တည်း။ ယောပန၊ အကြင်ရဟန်းသည်
ကား။ဧဝံ၊ဤသို့စိတ်ကိုဖြစ်စေခြင်းကို။နကရောတိ၊မပြု။သဗ္ဗာစ၊သည်
လည်း။ သံဃော၊သံဃာသည်။ သန္နိပတိတော၊စည်းဝေးသည်ရှိသော်။
တံဘိက္ခုံ၊ ထိုသမာပတ်ဝင်စားသောရဟန်းကို၊ အပဿန္တော၊မမြင်
သည်ဖြစ်၍။ အသုကော၊သော။ဘိက္ခု၊သည်။ကုဟိံ၊အတည်မှာနည်း။
ဣတိ၊သို့။ ပုစ္ဆိ၊၏။ နိရောဓသမာပန္နောတိ၊ဟူ၍။ ဝုတ္တေ၊ သော်။ ကိဉ္စိ
ဘိက္ခုံ၊ကို။ပေသေတိ၊၏။ ဂန္တွာ၊သွားချေ။မမ၊၏။ဝစနေန၊ဖြင့်။ ပက္ကော
သ၊ခေါ်ချေလော။ဣတိ၊သို့။ပေသေတိ၊၏။ အထ၊ထိုသို့စေလတ်သော်။
တေနဘိက္ခုနာ၊ သည်။ အဿ၊ ထိုသမာပတ်ဝင်စားသောရဟန်း၏။
သဝနူပစာရေ၊၌။ဌတွာ၊၍။ သဗ္ဗာ၊သည်။ အာယသ္မန္တံ၊ငါ့ရှင်ကို။အာ
မန္တေတိ၊ ခေါ်တော်မူ၏။ဣတိ၊သို့။ဝုတ္တမတ္တေဝ၊၌လျှင်။ ဝုဋ္ဌာနံ၊သည်။
ဟောတိ၊၏။ သဗ္ဗညု၊မြတ်စွာဘုရား၏။ ပက္ကောသနံ၊ ခေါ်တော်မူခြင်း
သည်။ဧဝံဂရုကံပိ၊ဤရွေ့လောက်ပင်ဝန်လေးသည်သာတည်း။ တသ္မာ၊
ကြောင့်။ တံ၊ထိုဘုရားမြတ်စွာခေါ်တော်မူအံ့သည်ကို။ အာဝဇ္ဇေတွာ၊
၍။ယထာ၊ဖြင့်။ သယမေဝ၊ ဘုရားမြတ်စွာမခေါ်ရဘဲ မိမိအလိုလိုသာ
လျှင်။ဝုဋ္ဌာတိ၊၏။ဧဝံ၊တထာ၊ဖြင့်။သမာပဇ္ဇိတဗ္ဗံ၊၏။ ။အဒ္ဓါနပရိစ္ဆေဒေါ
တိ၊ကား။ ဇီဝိတဒ္ဓါနဿ၊ မိမိအသက်ရှင်အံ့သောကာလ၏။ ဝါ၊မိမိဇီဝိ
တိန္ဒြေဖြစ်ရာကာလ၏။ပရိစ္ဆေဒေါ၊အပိုင်းအခြားတည်း။ဣမိနာဘိက္ခု
နာ၊ဤသမာပတ်ဝင်စားအံ့သောရဟန်းသည်။ အဒ္ဓါနပရိစ္ဆေဒေသု၊ အ
သက်ရှင်ရာကာလအပိုင်းအခြားတို့၌။ ကုသလေန၊ လိမ္မာသည်။ ဘဝိ
တဗ္ဗံ၊ရာ၏။အတ္တနော၊၏။အာယုသင်္ခါရာ၊အာယုသင်္ခါရတို့သည်။ ။
(အာယုဝေအာယုသင်္ခါရာ။ အာယုဥသ္မာပိညာဏာနိတိစဝဒန္တိ။တေ
စဿပကတိစိတ္တဿဝအာရမ္မဏံဟောန္တိ)။ ။သတ္တာဟံ၊ခုနစ်ရက်
တိုင်အောင်။ ပဝတ္တိဿန္တိ၊ ဖြစ်ကုန်လတ္တံ့လော။ နပဝတ္တိဿန္တိ၊မဖြစ်
ကုန်လတ္တံ့လော။ ထည့်။ဣတိ၊သို့။အာဝဇ္ဇိတွာဝ၊ဆင်ခြင်၍သာလျှင်။

သမာပဇ္ဇိတဗ္ဗံ၊ဝင်စားအပ်၏။ ဟိယသ္မာ၊ကြောင့်။ သတ္တာဟဗ္ဘန္တရေ၊ ခုနစ်ရက် အတွင်း၌။ အာယု သင်္ခါရေ၊ သည်။ နိရုဇ္ဈ နကော၊ ချုပ်လတ္တံ့.သည်ရှိသော်။ အနာဝဇ္ဇိတွာဝ၊ မဆင်ခြင်မူ၍သာလျှင်။ သစေ သမာပဇ္ဇတိ၊ အကယ်၍ဝင်စားအံ့။ အဿဘိက္ခုနော၊ ထိုသမာပတ်ကို ဝင်စားသော ရဟန်း၏။ မရဏံ၊သေခြင်းကို။ နိရောဓသမာပတ္တိ၊ သည်။ပဋိဗာဟိတုံ၊တားမြစ်ခြင်းငှါ။ နသက္ကောန္တိ၊မတတ်နိုင်ကုန်။စရိ.မဘာဝတော်န၊အဆုံးဖြစ်သောဘာဝင်ဖြင့်။မိယနတော၊သေခြင်းကြောင့်။ ထည့်။အန္တောနိရောဓေ၊နိရောဓသမာပတ်၏အတွင်း၌။ မရဏဿ၊၏။ နတ္ထိတာယ၊မရှိသည်၏အဖြစ်ကြောင့်။ အန္တရာဝ၊ ခုနစ်ရက်အတွင်း၌ သာလျှင်။ဝါ။မသေမှီအကြား၌သာလျှင်။ သမာပတ္တိတော၊မှ။ ဝုဋ္ဌာတိ၊ ထရ၏။တသ္မာ၊ကြောင့်။ ဇတံ၊ ထိုအာယုသင်္ခါရ၏တည်လတ္တံ့.သော အပိုင်း အခြားကို။ သဟသာဝ၊ အဆော တလျှင် သာလျှင်။ မရဏံ၊ သည်။မာအဟောသိ၊ မဖြစ်ပါစေလင့်။ဣတိ၊ဤသို့နှလုံးပြု၍။ထည့်။အာဝဇ္ဇိတွာဝ၊လျှင်။သမာပဇ္ဇိတဗ္ဗံ၊၏။ ။(သဟသာဟိမရဏောအညဗျာ ကရဏဘိက္ခု ဩဝါဒဒါနသာသနာနုဘာဝ ဒိပနာနံ အနိဿရောသိ ယာ။အနာဂါမိနောဝါအဂ္ဂမဂ္ဂါနဓိဂမောသိယာ။ဋီကာ။ ။အာဝဇ္ဇိတွာ ဝဟုအာဝဓာရဏ၏အကျိုးကို ဘော်ခြင်းငှါ အဝသေသဥ္စသည်ကို မိန့်သော်)။ ။ဟိ၊အဝဓာရဏ၏အကျိုးကိုဘော်အံ့။အဝသေသံ၊ဤမှ ကြွင်းသောနာနာဗဒ္ဓအဝိကောပနစသော သုံးပါးအပြားရှိသည်လည်း ဖြစ်သောပုဗ္ဗကိစ္စကို။ အနာဝဇ္ဇိတုံပိ၊ မဆင်ခြင်ခြင်းငှါလည်း။ ဝဋ္ဋတိ၊ သင့်သေး၏။ ဣဒံပန၊ ဤအဒ္ဓါန ပရိစ္ဆေဒကိုကား။ အာဝဇ္ဇိတဗ္ဗမေဝ၊မ ချွတ်ဆင်ခြင်သည်သာတည်း။ ဣတိ၊သို့။ ဝုတ္တံ၊အဋ္ဌကထာ၌ဆိုအပ်၏။ သောဘိက္ခု၊ ထိုသမာပတ်ဝင်စားသောရဟန်းသည်။ ဧဝံ၊ ဤဆိုအပ် ပြီးသောနည်းဖြင့်။အာကိဉ္စညာယတနံ၊ဈာန်ကို။သမာပဇ္ဇိတွာ၊၍။ဝုဋ္ဌာ ယ အာကိဉ္စညာယတနမှထ၍။ဣမံပုဗ္ဗကိစ္စံ၊ကို။ကတွာ၊၍။နေဝသညာ နာသညာယတနံ၊ဈာန်ကို။သမာပဇ္ဇတိ၊ဝင်စား၏။အထပစ္ဆာ၊ထိုနောင် မှ။ ဧကံဝါ၊ တကြိမ်သော စိတ္တဝါရကိုဖြစ်။ ဒွေဝါစိတ္တဝါရေ၊ နှစ်ကြိမ် သော စိတ္တဝါရတို့ကိုဖြစ်။ အတိက္က မိတွာ၊ ၍။ အစိတ္တကော၊ စိတ်မရှိ သည်။ဟောတိ၊၏။ နိရောဓံ၊ စိတ်စေတသိက်တို့၏ချုပ်ခြင်းသို့။ ဖုသ တိ၊ရောက်၏။ ။(ကိဉ္စာပိဧကံဝါဒွေဝါတိအနိယမေတွာဝိယဝုတ္တံ။ဒွေ

ဝါရေဝေပနနိယမတောဝဒ္ဒတ္တိ။ စိတ္တဝါရေတိ နေဝသညာနာသညာယတနစိတ္တဝါရေ။ ဋီကာ)။ ။ကသ္မာပန၊ ကြောင့်ကား။ တသ၊ ထိုရဟန်းအား။ ဒွိန္နံစိတ္တာနံ၊ နှစ်ချက်သောစိတ်တို့၏။ ဥပရိ၊ ၌။ စိတ္တာနိ၊ တို့သည်။ နပဝတ္တန္တိ၊ မဖြစ်ကုန်သနည်း။ ဣတိအယံ၊ ကား။ စောဒနာ တည်း။ နိရောဓဿ၊ အနုပုဗ္ဗနိရောဓ၏။ ဝါ။ နိရောဓအကျိုးငှါ။ ပယောဂတ္တာ၊ ယှဉ်စေအပ်သောပယောဂ၏အဖြစ်ကြောင့်။ နပဝတ္တန္တိ၊ မဖြစ်ကုန်။ ။ (ဗလဒွယ အဆောက်အဦစသည်နှင့် ပြည့်စုံသော ပယောဂ စိတ်၏ ချုပ်ခြင်းအကျိုးရှိသည်၏အဖြစ်ကြောင့်ဟူလိုသည်။ ။ဤနိရောဓသမာပတ်ကိုဝင်စားခြင်း၌သမထဗလဝိပဿနာဗလနှင့် ပြည့်စုံသောဉာဏရိယသမာဓိစရိယ၌လေ့လာခြင်းရှိသည်၏အဖြစ်တည်းဟူသောဝသီဘော်ကိုသမထဓမ္မဝိပဿနာဓမ္မတို့၏ အချင်းချင်းမလွန်သည်၏ အစွမ်းဖြင့်သာလျှင် လိုအပ်၏ဟု ဒွေသမထ ဝိပဿနာဓမ္မေ ယုဂနဒ္ဓေ ကတွာမိန့်သော်)။ ။ဟိ၊ ချဲ့အံ့။ ဣမဿဘိက္ခုနော၊ ၏။ ဒွေ၊ ကုန်သော။ သမထဝိပဿနာဓမ္မေ၊ သမထဝိပဿနာဓမ္မတို့ကို။ ယုဂနဒ္ဓေ၊ ထမ်းပိုး၌ယှဉ်းစုံ့ဘွဲ့အပ်သောနွားတို့ကဲ့သို့အချင်းချင်းမလွန်မစား အစုံ့ဘွဲ့အပ်သည်တို့ကို။ ကတွာ၊ ၍။ ဣဒံအဋ္ဌသမာပတ္တိအာရောဟနံ၊ ဤရှစ်ပါးသောသမာပတ်သို့တက်ခြင်းသည်။ အတ္ထိ၊ ၏။ အယံ၊ ဤဝုတ္တနယဖြင့်အဋ္ဌသမာပတ္တိသို့တက်ခြင်းသည်။ ။(အတ္ထိနှင့်အယံကားပါဌသေသ)။ ။ အနုပုဗ္ဗနိရောဓဿ၊ ပဌမဈာန်စသည်တို့ရင်း ထိုပဌမဈာန်စသည်တို့၌ဖြစ်သောသင်္ခါရတို့ကိုရှုသောအနုပဿနာတို့၏ရင်းအစဉ်အားချုပ်ခြင်း၏။ ဝါ၊ ချုပ်ခြင်းငှါ။ ပယောဂေါ၊ ယှဉ်စေအပ်သော ပယောဂ တည်း။ နေဝသညာနာသညာယတနသမာပတ္တိယာ၊ ကို။ သမာပဇ္ဇနဿ ဝင်စားခြင်း၏။ ထည့်။ နပယောဂေါ၊ ပယောဂမဟုတ်။ ဣတိ တသ္မာနိရောဓဿပယောဂတ္တာ၊ ထိုသို့အနုပုဗ္ဗ နိရောဓ၏ပယောဂ၏အဖြစ်ကြောင့်။ ဒွိန္နံစိတ္တာနံ၊ တို့၏။ ဥပရိ၊ ၌။ စိတ္တာနိ၊ တို့သည်။ နပဝတ္တန္တိ၊ ကုန်။ ပန၊ ထိုသို့မဟုတ်။ ယောဘိက္ခု၊ သည်။ အာကိဉ္စညာယတနတော၊ ဈာန်မှ။ ဝုဋ္ဌာယ၊ ၍။ ဣဒံပုဗ္ဗကိစ္စံ၊ ဤလေးပါးသောပုဗ္ဗကိစ္စကို။ အကတွာ၊ ၍။ နေဝသညာနာသညာယတနံ၊ ဈာန်ကို။ သမာပဇ္ဇတိ၊ ဝင်စားအံ့။ သော ဘိက္ခု၊ ထိုပုဗ္ဗကိစ္စကိုမပြုသောရဟန်းသည်။ ပရတော၊ နေဝသညာနာသညာယတနဈာန်မှနောက်၌။ သကလံယထာပရိစ္ဆိန္နကာလံ၊ အလုံးစုံ

ပိုင်းခြားတိုင်းသောကာလပတ်လုံး။ထည့်။အစိတ္တကော၊စိတ်မရှိသည်။ ဘဝိတုံ ၌။နသက္ကောန္တိ၊နိုင်ကုန်။ ။(တဒ္ဓခေါသံဃာပဋိမာနနသတ္တု ပက္ကောသနအဒ္ဓါန ပရိစ္ဆေဒါဝဇ္ဇနာနံ အကရဏေန။ နနာနာဗဒ္ဓအဝိ ကောပနဿ။ တဿဟိအကရဏေန ကဒါစိကေဝလံတာဒိသဿပ ရိက္ခာရဿအဝိနာသောနသိယာ။နိရောဓသမာပတ္တိဝိဗန္ဓော။အယဥ္စ အတ္ထောမဟာနာဂထေရဝတ္ထုနာ ဝိဘာဝိတောဝေ။ ဇိဝံသန္တေတိဟိ အာကာရေဟိနိရောဓသမာပတ္တိယာ ဝုဋ္ဌာနံဟောတီတိ အာပဇ္ဇတိ။ တသ္မာတံနသာရတောပစ္စေတဗ္ဗံ။ ဋီကာ။ ။စ၊ဆက်။ ခေါ၊စင်စစ်။ တံ၊ ထိုသို့အစိတ္တကဖြစ်ခြင်း၌ မစွမ်းနိုင်ခြင်းသည်။ သံဃာပဋိမာနန သတ္တုပက္ကောသနအဒ္ဓါနပရိစ္ဆေဒါဝဇ္ဇနာနံ၊သဃံ၏ငံ့လင့်ခြင်းဘုရား မြတ်စွာ၏ခေါ်တော်မူခြင်း ဇီဝိတိန္ဒြေကာလအပိုင်းအခြားကိုဆင်ခြင် ခြင်းတို့ကို။အကရဏေန၊မပြုခြင်းကြောင့်။ဟောတိ၊၏။နာနာဗဒ္ဓအဝိ ကောပနဿ၊ နာနာဗဒ္ဓအဝိကောပနကိုမှီ၍ဖြစ်ခြင်းကို။ အကရဏေန၊ မပြုခြင်းကြောင့်။ နဟောတိ၊ဖြစ်။ ဟိသစ္စံ၊၏။ တဿ၊ထိုနာနာဗန္ဓအဝိ ကောပနကိုမှီ၍ဖြစ်ခြင်းကို။အကရဏေန၊ကြောင့်။ကဒါစိ၊ရံခါ။ကေဝ လံ၊သက်သက်။ တာဒိသဿ၊ ထိုသို့သဘော ရှိသော။ ပရိက္ခာရဿ၊ ပရိက္ခရာ၏။ အဝိနာသော၊မပျက်စီးခြင်းသည်။နသိယာ၊မဖြစ်ရာ။ ။ (ပျက်စီးရာ၏ဟုလိုသည်)။ ။နိရောဓသမာပတ္တိဝိဗန္ဓော၊နိရောဓသမာ ပတ်၏ဘေးရန်သည်။နသိယာ၊မဖြစ်ရာ။အာယဥ္စအတ္ထော၊ဤအနက်ကို လည်း။မဟာနာဂထေရဝတ္ထုနာ၊ဖြင့်။ ဘာဝိတောဝေ၊ပြအပ်ပြီးသည် သာလျှင်တည်း။ ဇိဝံဇ္ဇမသို့ အတ္ထော၊ဤသို့သောအနက်သည်။ သန္တေ၊ ဖြစ်လတ်သော်။ တိဟိအာကာရေဟိ၊သုံးပါးသောအကြောင်းတို့ဖြင့်။ နိရောဓသမာပတ္တိယာ၊မှ။ ဝုဋ္ဌာနံ၊ ထခြင်းသည်။ ဟောတိ၊ ၏။ ဇူတိ အတ္ထော၊ဤသို့သောအနက်သည်။အာပဇ္ဇတိ၊ဖြစ်ရာ၏။တသ္မာ၊ကြောင့်။ တံဝစနံ၊ကို။ သာရတော၊အနှစ်အားဖြင့်။ ဝါ၊အမြတ်အားဖြင့်။ နပစ္စေ တဗ္ဗံ၊မယုံကြည်အပ်။ဋီကာနက်)။ ။ပဋိနိဝတ္တိတွာ၊ပြန်လည်၍။ပုန၊ဘန်။ အာကိဉ္စညာယတနေယေဝ၊ဗျာန်၌သာလျှင်။ပတိဋ္ဌာတိ၊တည်၏။ ။ (ပဋိနိဝတ္တိတွာပုနအာကိဉ္စညာယတနေယေဝပတိဋ္ဌာတိတိဣမိနာသ မာပတ္တိယာဝိဗန္ဓေဇာတေဇိဝံဟောတိတိဒဿေတိ။ အဝိနိဗန္ဓေနေဝ ပနယထာပရိစ္ဆိန္နကာလဝိတိက္ကမနေဖလစိတ္တုပ္ပတ္တိယာဝုဋ္ဌာနံ ဟော

တိ။ ဧဝဉ္စကတွာ ဂမ္ဘီရကန္ဒရောတိဏ္ဏတတ္တပါသာဏက္ကန္တပုရိသနိဒဿ
နံပိ သမတ္ထိတံ ဟောတီတိ ကေစိ ဝဒန္တိ။ အပရေ ပန ပုဗ္ဗကိစ္စဿ အက
တတ္တာ နေဝသညာနာသညာယတနံ သမာပန္နမတ္တော ဝ ပဋိနိဝတ္တိတွာ
အာကိဉ္စညာယတနေ ပတိဋ္ဌာတီတိ ဝုတ္တတ္တာ သံဃပဋိမာနနာဒိကေ စ
ပုဗ္ဗကိစ္စာကရဏော အင်္ဂဝေကလ္လတော နိရောဓသမာပတ္တိသမာပဇ္ဇနံ
န ဣဇ္ဈတေဝါတိ ဝဒန္တိ။ ဝတ္တသဒိသံ ဟောတိ နိရောဓသမာပတ္တိယာ။ ယာ
ဒိဒံ ပုဗ္ဗကိစ္စကရဏံ။ တသ္မာ တတ္ထ ယံ ဂရုတရံ။ တဿ အကရဏံ သမာ
ပဇ္ဇနံ ဝိဗန္ဓတီတိ အပရေ။ ဝိမံသိတွာ ဂဟေတဗ္ဗံ။ အာကိဉ္စညာယတနေ
ပတိဋ္ဌာတီတိ ဣဒံ ပုန အာကိဉ္စညာယတနဿ သမာပဇ္ဇိတဗ္ဗတာ ဝုတ္တံ။
သမာပဇ္ဇိတွာပိ ဝုဋ္ဌာယ ပုဗ္ဗကိစ္စဿ ကတ္တဗ္ဗတ္တာ။ ဋီကာ။ ။ပဋိနိ
ဝတ္တိတွာ။ပ။ ဌာတီတိ ဣမိနာ၊ဟူသောဤပါဌ်ဖြင့်။ သမာပတ္တိယာ၊၏။ဝိ
ဗန္ဓေ၊တားဆီးတတ်သောဘေးရန်သည်။ ဇာတေ၊ဖြစ်လတ်သော်။ဧဝံ၊
ဤသို့ပြန်လည်၍ တဘန် အာကိဉ္စညာယတနဈာန်၌ တည်ပြန်သည်။
ဟောတိ၊၏။ဣတိဣမံအတ္ထံ၊ကို။ဒဿေတိ၊၏။ပန၊ပါး။အဝိနိဗန္ဓေနေဝ၊
တားဆီးတတ်သောဘေးရန်မရှိသဖြင့်သာလျှင်။ ယထာပရိစ္ဆိန္နကာလ
ဝိတိက္ကမနေ၊ အကြင်အကြင်ပိုင်းခြားအပ်သောကာလကို လွန်သည်ရှိ
